# ဝန်ကြီးပဒေသရာဇာ၏ တျာချင်းကဗျာများမှ သရုပ်ဖော်အဖွဲ့များ လေ့လာချက်

ငွေထိုက် *


## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်ရှိကဗျာကဏ္ဍတွင် ပါဝင်သော ဝန်ကြီး ပဒေသရာဇာ၏တျာချင်းကဗျာ (၆) ပုဒ်ကို လေ့လာတင်ပြထားသည့်စာတမ်း ဖြစ်ပါသည်။ ဤစာတမ်း၏ ရည်ရွယ်ချက်မှာ ဝန်ကြီးပဒေသရာဇာ၏ သရုပ်ဖော်အဖွဲ့စွမ်းရည်တို့ကို သိရှိစေလိုခြင်းဖြစ်ပါသည်။ ဝန်ကြီးပဒေသရာဇာ၏ ထန်းတက်သမား၊ လယ်သမား၊ ပိန်းကောလှေသမား၊ ကုန်တင်လှေသမား၊ ဆင်ဖမ်းသမား၊ နွားဝန်တင်သမား တျာချင်းကဗျာတို့ကို အလေ့လာခံထားကာ သရုပ်ဖော်အဖွဲ့များကိုလေ့လာ တင်ပြထားပါသည်။ ထိုသို့လေ့လာရာတွင် လုပ်ငန်းခွင်ဝင်ရန် ကြိုတင်ပြင်ဆင်ပုံ သရုပ်ဖော်အဖွဲ့၊ လုပ်ငန်းခွင်အတွင်း သရုပ်ဖော်အဖွဲ့များ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ သရုပ်ဖော်အဖွဲ့များ၊ နေထိုင် စားသောက်ပုံ သရုပ်ဖော်အဖွဲ့များဟူ၍ အပိုင်းများခွဲကာ တင်ပြထားပါသည်။ ဝန်ကြီးပဒေသရာဇာ၏တျာချင်းကဗျာ (၆) ပုဒ်ကို လေ့လာခြင်းဖြင့် စာဆို၏ အခြေခံလူတန်းစားတို့အပေါ် စာနာ၊ နားလည်တတ်သည့် စေတနာနှင့် သရုပ်ဖော်အဖွဲ့အနွဲ့များကို လေ့လာတွေ့ရှိရပါသည်။ တျာချင်းကဗျာကို လေ့လာသူနှင့် ဝန်ကြီးပဒေသရာဇာ၏ တျာချင်းကဗျာ သရုပ်ဖော်စွမ်းရည်များကို လေ့လာသူ တို့အတွက် အထောက်အပံ့ဖြစ်စေပါသည်။


## နိဒါန်း

ဤစာတမ်းသည်ဝန်ကြီးပဒေသရာဇာ၏ တျာချင်းကဗျာများမှ သရုပ်ဖော်အဖွဲ့များကို လေ့လာထားခြင်း ဖြစ်ပါသည်။ စာပေသည်ဖန်တီးရေးဖွဲ့သူ၏ ဉာဏ်ရည်ပေါ်တွင်များစွာ မူတည်ပါသည်။ ဝါသနာနှင့် ပါရမီဓာတ်ခံကောင်းသော စာဆိုတို့စပ်ဆိုလိုက်သောစာပေသည် ထင်ပေါ်ကျော်ကြားလေသည်။ ထိုသို့ ထင်ပေါ်ကျော်ကြားသော စာပေများအနက် ဝန်ကြီးပဒေသရာဇာ၏ တျာချင်းကဗျာများသည်လည်း အပါအဝင်ဖြစ်ပါသည်။ ကုံပျံဆောင်နန်းအခန်းခန်းတို့၏ အကြောင်းနှင့် အလှအပတို့ကိုသာ ဦးစားပေးဖွဲ့နွဲ့နေသောခေတ်တွင် လုပ်သားပြည်သူတို့၏ဘဝကို ပြပေးသောတျာချင်းကဗျာများပေါ်ထွက်လာခဲ့သည်။ မေးမိုန်ပျောက်ကွယ်လုနီးပါးရှိသော တျာချင်းကဗျာသည် ဝန်ကြီးပဒေသရာဇာ၏ ကြိုးစားမှုကြောင့် ပြန်လည်ဆန်းသစ်လာခဲ့သည်။ ဆင်းရဲသားလက်လုပ်လက်စားတို့၏ ဘဝသရုပ်ကို ရေးခြယ်စီကုံးသူဖြစ်သည့်အလျောက် မြန်မာစာပေသမိုင်းတစ်လျှောက်တွင် ချီးမွမ်းခံရသော ကဗျာသစ်၊ စာသစ်စာဆိုကြီးတစ်ဦးအဖြစ် ထင်ရှားခဲ့ခြင်းဖြစ်ပါသည်။ အခြေခံလူတန်းစားတို့၏ ဘဝသရုပ်ဖော်စာပေကို ရေးသားသည့်ဝန်ကြီးပဒေသရာဇာ၏ ကဗျာများကို နှစ်သက်သဖြင့် စာတမ်းတစ်စောင်အဖြစ်လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။

### ၁။ ဝန်ကြီးပဒေသရာဇာ၏အတ္ထုပ္ပတ္တိအကျဉ်း

မြန်မာ့ဂန္ထဝင်တစ်လျှောက်လုံးတွင် နတ်ရှင်နောင်ဘွဲ့၊ ပဒေသရာဇာဘွဲ့၊ မြို့တွင်းနတ်ရှင်ဘွဲ့ စသော ထူးကဲမွန်မြတ်လှသည့် ဘွဲ့မည်ရည်တို့ဖြင့် ကျော်စောထင်ရှားသောသူမှာ သက္ကရာဇ် ၁၀၃၄ ခုနှစ်တွင် နန်းတက်တော်မူသော အင်းဝဘုရင် အင်္ဂါမင်းလက်ထက် ရတနာပူရ အင်းဝမြို့၌ပင် ဖွားမြင်ခဲ့သူဖြစ်လေသည်။ ဖွားသက္ကရာဇ် အမှတ်အသားကိုမူ အတိအကျ ဟူ၍ မသိရပေ။ သို့ရာတွင် သက္ကရာဇ် ၁၀၄၅ ခုနှစ်ခန့်တွင် ဖွားမြင်ကြောင်းနှင့်ကား မှန်းဆ သိသာနိုင်ပါသည်။ အမိ၊ အဖတို့၏ အမည်နာမများကို လည်း မသိရပေ။ သို့ရာတွင် မိမိဘက်မှ အဘိုးဝန်ထောက် ဖြစ်ကြောင်းကိုမူကား သူဇာပျို့ နိဂုံး၌

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဗန်းမော်တက္ကသိုလ်

> **"အဘိုးဝန်ထောက်၊ ဂုဏ်မြောက်ပြစ်ပြေ၊ စနည်းနေ၍၊ ဆုဝေထင်ရှား၊ ရွှေကြုပ်စား၏၊ မတ်များမှူးခေါင်၊ ကုန်အောင်ထားတည်၊ မြောက်မည်ရည်ပင်၊ အရှည်ကာလ၊ အသက်လျှခဲ့၊ ဘလည်းထို့တူ"**

ဟုဝန်ကြီးပဒေသရာဇာကိုယ်တိုင် စပ်ဆိုထားသောကြောင့် အဘိုးသည်လည်းကောင်း၊ အဖသည်လည်းကောင်း "ဝန်"စု အပါအဝင်အမှုထမ်းအရာထမ်းဖြစ်ကြောင်းသိရသည်။

သက္ကရာဇ် ၁၀၆၀ ပြည့်နှစ်သို့ ရောက်သောအခါ စနေမင်းလက်ထက် ဝန်ကြီးပဒေသရာဇာလောင်းသည် စုရေးစုကိုင်အဖြစ် စတင်ထမ်းရွက်ကာ ကဗျာလင်္ကာအများကို ရေးသားစပ်ဆိုစပြုလေသည်။

ထို့နောက် ထိုမင်းလက်ထက်တော်အခါမှာပင် ပဒေသရာဇာသည် သားတော် အိမ်ရှေ့အချီတော်သား အဖြစ်ဖြင့်ထမ်းရွက်ရပြန်သည်။ သက္ကရာဇ် ၁၀၇၆ ခုနှစ် တနင်္ဂနွေမင်းတရားကြီး နန်းတက်သောအခါ လက်ဝဲရွှေတောင်ဘွဲ့နှင့်မန်းကျည်းတုံရွာကို ပေးသနားတော်မြတ်ခံရသည်။

သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် နန်းတက်သော ဟံသာဝတီ မင်းတရားကြီးလက်ထက်တွင် ဘယကျော်သူဘွဲ့၊ မင်းရဲမင်းလှကျော်ထင်ဘွဲ့အဖြစ် အသည်ဝန်ကြီးရာထူးကို ချီးမြှင့်ခံရသည်။ ဇလွန်မြို့ကိုလည်း ပေးသနားခံရပြန်သည်။

သက္ကရာဇ် ၁၁၀၃ ခုနှစ်တွင် ဟံသာဝတီရောက်မင်းကြီးသည် မင်းရဲကျော်ထင်ဘွဲ့၊ နတ်ရှင်နောင်ဘွဲ့၊ ပဒေသရာဇာဘွဲ့၊ မြို့တွင်းနတ်ရှင်ဘွဲ့များကိုလည်း ဆက်လက်ပေးသနားခြင်းခံရပြန်သည်။ အမတ်ကြီးသည် ၁၁၁၃ ခုနှစ်၊ နှစ်ဦးတွင် မိမိ၏ အရှင်သခင်ဖြစ်သော ဟံသာဝတီရောက်မင်းကြီးနှင့်တကွ ဇနီးသားသမီး ဆွေမျိုးများနှင့်အတူ ဟံသာဝတီသို့ မွန်တို့၏ဖမ်းဆီးခေါ်ဆောင်ခြင်းကိုခံခဲ့ရသည်။ သက္ကရာဇ် ၁၁၁၆ ခုနှစ်၊ သက်တော်(၇၀)ကျော် တွင် သန်လျင်မြို့၌ လူကြီးရောဂါဖြင့် ကွယ်လွန်သည်။

အမတ်ကြီးရေးသားခဲ့သောစာများမှာ သူဇာပျို့၊မဏိကက်ပျို့၊ ကျေးဇူးတော်ပျို့၊ ယိုးဒယားသံရောက်ပျို့၊ ကုမ္မာဘယပျို့၊ မနော်ပျို့စသောပျို့များ၊ ရတုများ၊ သီချင်းများ၊ တျာချင်းများအပြင် မဏိကက်နန်းတွင်း ပြဇာတ်တော်ကြီးကိုလည်း ရေးသားခဲ့သည်။[၁]

## ၂။ တျာချင်း၏ အဓိပ္ပာယ်

တျာချင်း၏ အဓိပ္ပာယ်နှင့် ပတ်သက်၍ ပညာရှင်တို့ ဖွင့်ဆိုကြသည်မှာ

ကဗျာဗန္ဓသာရ ကျမ်းတွင်

> **"တျာချင်းဟူသည်မှာ တေးဟူသောပုဒ်၏ အနက်ကဲ့သို့ပင် သာယာစွာ သီဆိုရသော သီချင်းပင်ဖြစ်၍ သာယာကြည်ချိုစွာ သီဆိုအပ်သော သီချင်းတစ်မျိုးဖြစ်သည်ဟုသာ မှတ်ထားသင့်လေသည်။"**[၂]

ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ တျာချင်း၏ အဓိပ္ပာယ်ကိုမြန်မာအဘိဓာန်တွင်

---

၁ ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၀၂၊ ၁၂၄–၁၃၀။

၂ ထွန်းရွှေ၊ ဦး၊ ၁၉၅၇၊ ၃၆၃။

**"တျာချင်း/တယာဂျင်း/၊ န–(စာပေ) ထံတျာတေတျော အသံများအနက် တျာသံနှင့်သီကျူးရသော ကဗျာသီချင်း"**[၃]

ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ထိုကြောင့် တျာချင်းသည် မြန်မာဂီတတွင် ထံ၊ တျာ၊ တေ၊ တျော စသောအသံများရှိရာ၊ သာယာနာပျော်ဖွယ်တျာသံဖြင့် သီဆိုရသောတေးကဗျာတစ်မျိုး ဖြစ်ပါသည်။

## ၂၊ ၁။ သရုပ်ဖော်အဖွဲ့၏ အဓိပ္ပာယ်

စာဆိုဝန်ကြီးပဒေသရာဇာသည် မိမိဘဝ၌ တွေ့ကြုံခဲ့ရသော အတွေ့အကြုံ၊ အတွေးအမြင်နှင့် ခံစားချက်များကို ပေါင်းစပ်ကာ မိမိနည်းတူ စာဖတ်သူတို့အား သိမြင်နားလည်ခံစား လာရအောင် ရေးဖွဲ့ခဲ့သည်ကို တွေ့ရပါသည်။ ထိုသို့ ရေးဖွဲ့ရာတွင် အရေးအဖွဲ့ကျွမ်းကျင် ပိုင်နိုင်မှုသည် အရေးကြီးလှပါသည်။ အရေးအဖွဲ့ပိုင်နိုင်မှုတွင် သရုပ်ဖော်အဖွဲ့ကောင်းခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်လေရာ စာဆို၏ သရုပ်ဖော် အဖွဲ့များသည် စာဆို၏ ကဗျာဉာဏ်ရည်ကို ဖော်ပြရာရောက်ပါသည်။

သရုပ်ဖော်အဖွဲ့နှင့်ပတ်သက်ပြီး ဆရာမောင်ထင်၏ ဝတ္ထုရှည်စာတမ်းတွင် သရုပ်ဖော် အဖွဲ့၏ အဓိပ္ပာယ်ကို

**"(၁) သဘာဝကို သရုပ်ဖော်ကောင်းခြင်း**

**(သဘာဝထဲမှာ တောတောင်ရေမြေ၊ ကျေးငှက်သာရကာတို့ပါဝင်ကြောင်း သတိပြုပါ)**

**(၂) ရုပ်ဆင်း သဏ္ဌာန်တို့ကို သရုပ်ဖော်ကောင်းခြင်း**

**(၃) လူ့စရိုက်ကို သရုပ်ဖော်ကောင်းခြင်း**

**(၄) ဝေဒနာ(ခံစားမှု)ကို သရုပ်ဖော်ကောင်းခြင်း**

**(၅) အတွေးအခေါ် သရုပ်ဖော်ကောင်းခြင်း**

**(၆) လူမှုရေး သရုပ်ဖော်ကောင်းခြင်း (လူမှုရေးဆိုသည်မှာ လူ့ဘောင် အဖွဲ့အစည်းတွင် ပါဝင်သော လူတန်းစားအသီးသီးတို့၏ ဆက်ဆံရေး ဖြစ်သည်။)**[၄]

ဟူ၍ လည်းကောင်း၊

မြန်မာအဘိဓာန်တွင် သရုပ်ဖော်အဖွဲ့နှင့်ပတ်သတ်၍

**"သရုပ်ဖော်–ကြို–စရိုက်၊ လက္ခဏာ သဘာဝတို့ကို ပေါ်လွင် အောင်ပြသည်"**[၅]

ဟူ၍ လည်းကောင်း၊

---

၃ မြန်မာစာအဖွဲ့၊ ၂၀၁၃၊ ၁၄၅

၄ ထင်၊ မောင်၊ ၁၉၈၁၊ ၂၁၀။

၅ မြန်မာစာအဖွဲ့၊ ၂၀၁၃၊ ၃၄၅။

သရုပ်ဖော်အဖွဲ့နှင့်ပတ်သက်၍ စကားပြေသဘောတရား၊စကားပြေ အတတ်ပညာ စာအုပ်တွင်

> **“သက်ရှိသက်မဲ့ အကောင်အထည်တို့၏ ပုံသဏ္ဌာန်ကို စာဖတ် သူတို့၏ စိတ်ထဲတွင် မြင်ယောင်လာအောင် ဖော်ပြပေးခြင်း သည် သရုပ်ဖော်အဖွဲ့၏ အဓိကတာဝန် ဖြစ်ပါသည်။”**[၆]

ဟူ၍ လည်းကောင်း၊

> **“အသေးစိတ် အချက်အလက်များ ပါဝင်လေလေ သရုပ် ပေါ်လေလေ ဖြစ်ပါသည်။**[၇]

ဟူ၍ လည်းကောင်း၊

သရုပ်ဖော်အဖွဲ့များ၏ သဘောနှင့်ပတ်သက်၍ ဆရာဇော်ဂျီက

> **“စာရေးဆရာသည် ပတ်ဝန်းကျင်ဒိဋ္ဌလောကဌ် သူစေတနာဖြင့် မြင်ခဲ့ကြားခဲ့ ခံစားမှုအသိရှိခဲ့သော လောကသဘာဝအမှုအရာ လူ့သဘာဝ အမှုအရာတို့ကို သဏ္ဌာန်လုပ် သရုပ်တူမှုပြု၍ သူ့စာဌ် ဖော်ပြခြင်းကိုဆိုလိုသည်။ တစ်နည်းဆိုရလျှင် စာရေးဆရာသည် သရုပ်တူအမှုအရာတို့ကို အသင့်ယုတ္တိရှိအောင်၊ တကယ်ဟုထင်ရှိနိုင် ကြအောင် မြင်ယောင်ယောင် ကြားယောင်ယောင်ဖြစ်လာနိုင်ကြ အောင် ဖော်ပြခြင်း”**[၈]

ဟူ၍လည်းကောင်း အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အထက်ဖော်ပြပါ အဆိုများအရ သရုပ်ဖော်အဖွဲ့ကောင်းတို့၏ သဘောလက္ခဏာမှာ စာရေးသူတင်ပြလိုသည့် အကြောင်းအရာတို့ကို ပေါ်လွင်လာအောင် နှစ်သက်ဖွယ်ဖြစ်လာအောင် အသေးစိတ် ရေးဖွဲ့ထားသည့် သဘောရှိပါသည်။ သရုပ်ဖော်အဖွဲ့ကောင်းများကို ဖတ်ရှုပြီးသောအခါ စာရေးသူ တင်ပြလိုသော အကြောင်းအရာတို့မှာ စာဖတ်သူတို့စိတ်နား၊ စိတ်မျက်စိတို့ဌ် နှစ်သက်ဖွယ် ကြားယောင်ယောင်၊ မြင်ယောင်ယောင်၊ ထင်ယောင်ယောင် ဖြစ်လာစေပါသည်။ ဝန်ကြီးပဒေသရာဇာ၏ တျာချင်းများသည်လည်း သရုပ်ဖော်အဖွဲ့ကောင်းများဖြင့် တွေ့ရှိရပါသည်။

## ၃။ ဝန်ကြီးပဒေသရာဇာ၏ တျာချင်းကဗျာများမှ သရုပ်ဖော်အဖွဲ့များလေ့လာချက်

စာဆိုဝန်ကြီးပဒေသရာဇာသည် အခြေခံလူတန်းစားများဖြစ်သော ဆင်းရဲသားပြည်သူတို့၏ ဘဝကို တျာချင်းကဗျာများဖြင့် မှတ်တမ်းတင်သရုပ်ဖော် ရေးဖွဲ့ခဲ့သည်။ စာဆိုရေးဖွဲ့ခဲ့သော တျာချင်းကဗျာများကို အပိုင်း(၄) ပိုင်းခွဲ၍ လေ့လာတင်ပြ သွားမည် ဖြစ်သည်။ ယင်းတို့မှာ လုပ်ငန်းခွင်မဝင်မီ ကြိုတင်ပြင်ဆင်ပုံ သရုပ်ဖော်အဖွဲ့၊ လုပ်ငန်းခွင်အတွင်း သရုပ်ဖော်အဖွဲ့၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ သရုပ်ဖော်အဖွဲ့နှင့် စားသောက်မှုဆိုင်ရာ သရုပ်ဖော်အဖွဲ့များ ဟူ၍ဖြစ်ပါသည်။

---

၆ ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၀၉၊ ၁၈၈။

၇ –ယင်း–၊ ၁၇၀။

၈ ဇော်ဂျီ၊ ၁၉၉၇၊ ၃၄။

### ၃၊ ၁။ လုပ်ငန်းခွင်ဝင်ရန် ကြိုတင်ပြင်ဆင်ပုံ သရုပ်ဖော်အဖွဲ့များ

ဝန်ကြီးပဒေသရာဇာသည်ထန်းတက်သမား၊ လယ်သမား၊ ပိန်းကောလှေသမား၊ ကုန်တင် လှေသမား၊ ဆင်ဖမ်းသမား၊ နွားဝန်တင်သမားတို့၏ လုပ်ငန်းခွင်မဝင်မီ ကြိုတင်ပြင်ဆင် ကြပုံများကို ပီပြင်အောင်သရုပ်ဖော်ရေးဖွဲ့ထားပါသည်။

ဝန်ကြီးသည် အသည်ဝန်အဖြစ် အမှုထမ်းစဉ် ထန်းတက်သမားတို့ကို မြင်တွေ့ခဲ့သည်။ ထန်းတက်သမားတို့သည် နွေဦးကာလတွင် လုပ်ငန်းခွင်ဝင်ရသော အချိန်ဖြစ်ပါသည်။ ဤကာလတွင်ထန်းပင်များ၌ ထန်းပွင့်ထန်းခိုင်များ ဝေဆာနေပါသည်။ ထိုအချိန် ထန်းသမားတို့ လုပ်ငန်းခွင်အတွက်ပြင်ဆင်ပုံမှာ ရင်းထောင်ရင်းဆွဲလှေကားတို့ကို ထန်းပင်တွင် အသင့်ပြင်ထားပါသည်။ ထို့ပြင်အသွားအလွန်ထက်သော ထန်းလှီးဓားကို ခါးမှာ ညှပ်ထားပြီး ထန်းပင်ပေါ်တွင်စုထိုင်ရန် ကလိုင်ခေါ်တုတ်ချောင်းကိုပါ လွယ်ထားရပုံ တို့ကို–

**"နွေဦးကာလ မြူထသောအခါ၊ ရင်းထောင်ရင်းဆွဲ။**
**ဆောင်မြဲအိုးလွယ်ကာ၊ ဓားနှီးထက်စွာ၊ ခါးမှာချပ်လျက်၊**
**ထန်းပွင့်ထန်းခိုင်၊ ရွှန်းမြိုင်မြိုင်၊ ကလိုင်သာလွယ်လို့**
**တက်သည်နှင့်လေး"[၉]**

ဟူ၍ ထန်းတက်သမားတို့ လုပ်ငန်းခွင်ဝင်ရန်ပြင်ဆင်ပုံကို သရုပ်ဖော်ထားပါသည်။

ညောင်ရမ်းခေတ် လယ်သမားတို့၏ လုပ်ငန်းခွင်ဝင်ရန်ကြိုတင်ပြင်ဆင်ပုံကိုလည်း လယ်သမားတျာချင်းတွင် သရုပ်ဖော်ရေးဖွဲ့ထားပါသည်။ မိုးရာသီရောက်ချိန်၌ လယ်သမားကြီးသည် ဇနီးဖြစ်သူနှင့်သားသမီးများကိုလည်းလုပ်ငန်းခွင်ဝင်ရန်လက်တွဲခေါ်လာခဲ့ပုံကို–

**"ဝသန်ကာလ၊ မိုးကျတည့်လျှင်၊ ပျော်ပျော်ပါးပါး၊ မယားနှင့်**
**ဆွေငယ်လင်၊ လက်တွဲငယ်ခြေင်၊ ကိုယ်တွင်အဝတ်၊ ပုဆိုး**
**အကျီ၊ စုတ်ပြဲပြီ၊ ချည်နီဖောင်းတွတ်တွတ်ကယ်နှင့်လေး"[၁၀]**

ဟူ၍ လုပ်ငန်းခွင်စတင်ဝင်ရန် မိသားစုလိုက် ပျော်ရွှင်တက်ကြွစွာလာကြပုံနှင့် ဝတ်စားဆင်ယင်ပုံတို့ကို အသေးစိတ် သရုပ်ဖော်ရေးဖွဲ့ထားသည်။

ပိန်းကောလှေငယ်ရှင် တျာချင်းတွင်ပိန်းကောလှေသမားလေး၏ လုပ်ငန်းခွင်ဝင်ရန် ကြိုတင် ပြင်ဆင်ပုံကိုလည်းတွေ့ရသည်။ ပိန်းကောလှေအားပြင်ဆင်ပုံတို့ကို စာဆိုက–

**"ငါးပိဆားများ၊ ဖောက်ကားရအောင်၊ ပဲလွမ်းပဲကြီး၊**
**သီးသီးယူကြဉ်ဆောင်၊ တက်မကိုမြှောင်၊ ကွမ်းပေါင်**
**နီကြောင်း၊ နဘူးခက်ညို၊ ကိုင်းညွှတ်ယို၊ ပင်ကိုနှီးသား**
**ပေါင်းငယ်နှင့်လေး"[၁၁]**

ဟူ၍ ဖွဲ့ဆိုထားသည်။ လှေ၏သွင်ပြင်ကိုပါ အသေးစိတ် သရုပ်ဖော်ရုံမျှမက လှေပေါ်တွင် တင်ဆောင်သည့် ကုန်ပစ္စည်းမျိုးစုံကိုပါ ဖွဲ့ဆိုထားပါသည်။

ကုန်တင်လှေကြီး တျာချင်းကဗျာတွင်လည်း ကုန်ပစ္စည်းများကို အပြည့် တင်ဆောင်လာသော ကုန်တင်လှေကြီးသည် မြစ်ရိုးတစ်လျှောက် စုန်ဆန်သွားလာရသည်။ ကုန်တင်

[၉] ဘရင်း၊ ဦး၊ ၁၉၅၄၊ ၆၉။
[၁၀] ဘရင်း၊ ဦး၊ ၁၉၅၄၊ ၆၅။
[၁၁] ပို၊ ဒေါ် (ပါမောက္ခ)၊ ၁၉၉၃၊ ၁။

လှေသမားတို့ လုပ်ငန်းခွင်ဝင်ရန် လှေဖြင့် ခရီးထွက်ခွာသော အချိန်နှင့် လှေသမားများသည် ကုန်တင်လှေကြီးအား အခိုင်အမာ ပြုလုပ်ကာ အလှအပ ပြင်ဆင်ပုံတို့ကို–

> **"တပေါင်းမာသ၊ ရွှေလငယ်ဆန်းခါ၊ တောင်လေဦး**
> **သုတ်ဖြူးဆော်၍လာ၊ ကိုးတောင်နာဝါ၊ ခိုင်စွာသာပျဉ်လုပ်၊**
> **ကဲလားနံရံ၊ သင့်စီမံ၊ ရေနံသာ အရွဲသုတ်ပါလို့လေး"[၁၂]**

ဟူ၍ လှေမထွက်မီလှေသမားများ လှေအားပြင်ဆင်လုပ်ကိုင်ရပုံကို သရုပ်ဖော် ရေးဖွဲ့ထားသည်။

ဆင်ဖမ်းသမား တျာချင်းတွင် ဆင်ဖမ်းသမားတို့သည် တောသို့ဝင်သောအခါ ကြိုတင်ယူဆောင်ရသည့်ပစ္စည်းများ ဖြစ်သော ချွန်း၊ ဓား၊ လုံလက်နက်စသည့် ကရိယာများကို ဗယားဟုခေါ်သော ရှည်လျားသည့် လွယ်အိတ်ကြီးထဲတွင်ထည့်ကာ မီးခတ်ကျောက်၊ မီးကူးရန် မှို့၊ ဆေးတံ တို့ကိုပါမကျန် ထည့်ကာ ယူဆောင်ကြရပုံ၊ လုပ်ငန်းခွင်မဝင်မီ ကြိုတင်ပြင်ဆင်ရပုံကို–

> **"တောပါးဝင်မြဲ၊ ချွန်းစွဲငယ်ဓားလုံ၊ ဗယားအိတ်ဖူး၊**
> **မီးကူးမှို့တံ"[၁၃]**

ဟူ၍ လုပ်ငန်းဝင်ရန် အသုံးဆောင်ပစ္စည်းများထည့်၍ ကြိုတင်ပြင်ဆင်ရပုံကို သရုပ်ဖော် ရေးဖွဲ့ထားသည်။

နွားဝန်တင်ဘွဲ့တျာချင်းတွင် နွားဝန်တင်သမားတို့၏ ကြိုတင်ပြင်ဆင်ပုံကိုလည်း တွေ့ရပါသည်။ မြူနှင်းများကျသော ဆောင်းဦးကာလတွင် နွားပြာ၊ နွားဝါ၊ နွားချိုကုပ် စသည်ဖြင့် နွားမျိုးစုံတို့ဖြင့် တောင်ပိုင်တက်ကြပုံကို ဖွဲ့ဆိုထားပါသည်။ တောင်ပိုင်မတက်မီ နွားဝန်တင်သမား တို့သည် ခေါင်းအုံး၊ အိုးသစ်၊ ဖျင်နီစင်၊ ရေဗူးများ ပေါင်းစုံကိုခြင်းထဲတွင် ထည့်၍ တောင်ပိုင်တက်ရန် ပြင်ဆင်နေကြပုံကို –

> **"တင်ကျည်းတုတ်ကယ်မှာ၊ သုံးထောင်ထွာ၊ ခလောက်**
> **ကြိုးမှာ၊ ခွေးရိုးဖောင်းတန့်ကာ ခြင်းအုံတန်ဆာ**
> **အင်္ဂါစုံပေါင်း အိုးသစ် ကယ်ဖျင်နီစင် ရေငင်ကလတောင်း**
> **ငယ်နှင့်လေး"[၁၄]**

ဟူ၍ နွားဝန်တင်သမားတို့၏ လုပ်ငန်းခွင်ဝင်ရန်ကြိုတင်ပြင်ဆင်ပုံကို စာဆိုက သရုပ်ဖော် ရေးဖွဲ့ထားသည်။

ဤအဖွဲ့များသည် ထန်းတက်သမား၊ ပိန်းကောလှေသမား၊ ကုန်တင် လှေသမား၊ ဆင်ဖမ်းသမား၊ နွားဝန်တင်သမားစသည့် အခြေခံလူတန်းစားများ၏ လုပ်ငန်းခွင်ဝင်ရန် ကြိုတင်ပြင်ဆင်ကြပုံ သရုပ်ဖော်အဖွဲ့များ ဖြစ်ပါသည်။

---

၁၂ –ယင်း–၊ ၁၇၆။

၁၃ ပို၊ ဒေါ် (ပါမောက္ခ)၊ ၁၉၉၃၊ ၁၇၈။

၁၄ ဖိုးလတ်၊ ဦး၊ ၂၀၁၁၊ ၂၇၅။

### ၃၊ ၂။ လုပ်ငန်းခွင်အတွင်း သရုပ်ဖော်အဖွဲ့များ

စာဆိုသည် ထန်းတက်သမား၊ လယ်သမား၊ ပိန်းကောလှေငယ်သမား၊ ကုန်တင်လှေသမား၊ ဆင်ဖမ်းသမား၊ နွားဝန်တင်သမားတို့ လုပ်ငန်းခွင်အတွင်း ပြင်ဆင်ပုံကို ပီပြင်အောင် သရုပ်ဖော်ရေးဖွဲ့ထားပါသည်။

ထန်းတက်သမားတျာချင်းကဗျာတွင် ထန်းတက်သမား လုပ်ငန်းခွင်ဝင်နေစဉ် မယားသည် ထန်းပင်ခြေရင်၌ ချထားသော ထန်းရေအိုးတို့ကို သိမ်းဆည်းရသည်။ သားမြေးများကလည်း အမဲလိုက်ရန်ပြင်ဆင်ကြပုံကို–

> **"ထန်းပင်ထန်းလက်၊ ထန်းရွက်ကယ်ဝေဝေ၊ စင်အောင်ခုတ်ထစ်၊ နုမျစ်ကယ်ထန်းဦးရေ၊ မယားငယ်ဆွေ၊ ထန်းရေသိမ်းဆည်း၊ သားမြေးဟစ်ကြော်၊ ခွေးဝက် ကယ်ခေါ်၊ ထန်းလျှော်သာ ယုန်ပိုက်စည်းငယ်နှင့်လေး"**[၁၅]

ဟူ၍ အဖကထန်းတက်၊ အမိကထန်းရေသိမ်းဆည်း၊ သားမြေးများက အမဲလိုက်ပုံတို့ကို သရုပ်ဖော် ရေးဖွဲ့ထားသည်။

ဟင်းစားအတွက် အမဲလိုက်လှုပ်ရှားပုံများကို မကျန်ရလေအောင် စာဆိုက–

> **"ခေါ်သံရိုက်ဟည်း၊ လူလည်းကြော်ငြာ၊ ခွေးဟစ်လူဟစ်၊ ခတ်ပစ်ကယ်ချောက်သော့အခါ၊ ပုတတ်ကယ်ယုန်ခါ၊ တောမှာ ရှိကြ၊ ငုံးကြက်ကယ်ဖွတ်မြွေ၊ ဝံပုလွေ မနေထွက်လာ ကြသည် တည့်လေး"**[၁၆]

ဟူ၍ ဝမ်းရေးအတွက်ရှာဖွေစားသောက်ရန် လှုပ်ရှားကြပုံကို အသေးစိတ်သရုပ်ဖော်ရေးဖွဲ့ထားသည်။ ထို့အပြင်–

> **"ဝမ်းသာအားရ၊ မယားကတစ်သွယ်၊ ဟင်းရွက်ဆိုးကောင်း၊ သောင်းပြောင်းရော၍လွယ်၊ လင်ကတစ်သွယ်၊ ယုန်ငယ်ကစ၊ တောသတ္တဝါ၊ တွေ့တိုင်းကိုသာ၊ အိတ်မှာသာယူ၍ ချသည် နှင့်လေး"**[၁၇]

ဟူ၍ တစ်အိမ်သားလုံး ဝမ်းစာရေးအတွက် တာဝန်ကိုယ်စီယူကာ တက်ညီလက်ညီ လှုပ်ရှားရုန်းကန်နေကြရပုံကိုမြင်ယောင်လာအောင် သရုပ်ဖော်ရေးဖွဲ့ခဲ့သည်။

လယ်သမားဘွဲ့ တျာချင်းတွင် မိုးဦးကာလအချိန်၌ လုပ်ငန်းခွင်ဝင်ကြသည်။ လယ်ကွင်းထဲတွင် ဇနီး၊ သားသမီးများပါမကျန် မိသားစုအလိုက်လုပ်ငန်း ခွင်ဝင်ကြရသည့် လယ်သမားတို့၏ ဘဝကို သရုပ်ဖော်ရာ၌ –

> **"မိုးရေစွတ်လို့၊ အဝတ်ကယ်မပါ၊ သားသမီးကို၊ ကိုယ်ထီးပွေ့လိုသာ၊ ဆေးတံတစ်ထွာ၊ ကိုက်ကာထွန်ရင်း၊ လယ်ကွက်တစ်ခွင်၊ ထွန်ရေးငင် ရေဝင်ပုစွန်တွင်း ငယ်နှင့်လေး"**[၁၈]

---

၁၅ ဘရင်၊ ဦး၊ ၁၉၅၄၊ ၆၉။

၁၆ –ယင်း–။

၁၇ –ယင်း–။

၁၈ –ယင်း–၊ ၆၅။

ဟူ၍ လယ်သမား ဆင်းရဲသားလူတန်းစားတို့အတွက် လယ်ကွက်ထဲတွင် အကျီမပါဘဲ၊ မိုးရွာနေပူမရှောင် ထွန်ယက်လုပ်ကိုင် လှုပ်ရှားရုန်းကန်ရ ပုံကိုသရုပ်ပေါ်လွင်စေပါသည်။

လယ်ကွက်အတွင်းဟင်းစားအတွက် ဖားပေါင်စင်း၊ ခရုသားငါးနှင့်ပီလော၊ ကန်စွန်း၊ ဆူးပုတ်၊ ကင်းပုံ စသည့် ဟင်းရွက်များ ရှာဆွတ်ရပုံကို–

**"ဖားပေါင်စင်းငယ်၊ ခြင်းပလိုင်းဝယ်၊ ခရုပီလော၊**
**ရောနှော၍ သာလွယ်၊ ဟင်းရွက်ကယ်နုနယ်၊ တစ်သွယ်**
**ကန်စွန်း၊ ဆူးပုပ်ကယ် ကင်းပုံ၊အလုံးစုံ ဖူးငုံသာရော၍**
**ပြွမ်းသည် နှင့်လေး"**[၁၉]

ဟူ၍ သရုပ်ဖော်ရေးဖွဲ့ခဲ့သည်။ ဤအဖွဲ့များကိုကြည့်ခြင်းဖြင့် လယ်သမားတို့၏တစ်နေ့တာ လုပ်ငန်းခွင်အတွင်း ဝမ်းစာရေးအတွက် လှုပ်ရှားရုန်းကန်ရပုံကို အသေးစိတ်သရုပ်ဖော်ရေးဖွဲ့ခဲ့သည်။

ပိန်းကောလှေငယ်ရှင် တျာချင်းကဗျာတွင် ပိန်းကောလှေငယ်ရှင်သည် အောက်အရပ်သို့ လှေငယ်တစ်စင်းဖြင့် ခရီးသွားလာရသည်။ မိုးဦးလေဦးတွင် အဖော်မပါဘဲ ပန်းလောင်မြစ်ကြောတွင် တစ်ကိုယ်တည်း သွားလာလှုပ်ရှားရသည့် လှေသမား၏ဘဝကို–

**"မိုးဦးကာလ၊ ချောင်းကျုပြီဆိုလျှင်၊ ပန်းလောင်ကြောမှာ၊**
**ပိန်းကော လှေငယ်ရှင်၊ တောင်ဘက်ကယ်တစ်ခွင်၊ ထွက်ဝင်**
**ဖောက်ကား၊ ပဲ့ပါ မည့်သူ၊ မပါလူ၊ ထိုးသူ တစ်ယောက်**
**သားငယ်နှင့်လေး"**[၂၀]

ဟူ၍ အဖော်မပါတစ်ကိုယ်တည်း ထိုးဝါးကိုင်ကာ လုပ်ငန်းခွင်ဝင်နေရပုံကို သရုပ်ဖော်ရေးဖွဲ့ထားသည်။

လုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေရသောလှေသမားလေး၏ သွင်ပြင်ပုံသဏ္ဌာန်ကိုလည်း စိတ်မျက်စိတွင်မြင်လာစေရန် ကရုဏာသက်ဖွယ် သရုပ်ဖော်ထားသည်။ တစ်ကိုယ်တည်း ဖြစ်သော်လည်း အားမငယ်တတ်သော လှေငယ်ရှင်၏ အားမာန်အပြည့်ဖြင့် လှုပ်ရှားနေပုံကို–

**"ခမောက်မှာတောင်း၊ အုပ်ဆောင်းငယ်မပါ၊ သိုးလည်း**
**မစပ်၊ ဝါးပပ်ကယ် တစေသာ၊ ထိုးဝါးကိုယ်မှာ၊**
**ဘယ်ညာပခုံး၊ ခြေနှင့် ကျောက်ကန်၊ တွန်းလိုက်လှန်**
**အားအန်လွန်ကြီးဆုံး ငယ်နှင့်လေး"**[၂၁]

ဟူ၍ ဖွဲ့ဆိုထားပါသည်။ တစ်ဖန် လုပ်ငန်းခွင်အတွင်း၌ အဖော်မပါ တစ်ကိုယ်တည်းဖြစ်၍ စားသောက်ရေးအတွက်ချက်ပြုတ်နေရသော လှေငယ်ရှင်၏ ပုံသဏ္ဌာန်ကို –

**"ခါးတောင်းကျိုက်လုံး၊ ပခုံးခဲထွေ၊ ချွေးကလည်းစီး၊**
**ဒီးဒီးကျသည့်ရေ စားဖို့မှာပေ၊ ချက်လေထမင်း၊ မနပ်နိုင်ပြီ၊**
**တစီစီ နန်းနီသာမီး အိုးကင်းငယ်နှင့်လေး"**[၂၂]

---

၁၉ ဘရင်၊ ဦး၊ ၁၉၅၄၊ ၆၅
၂၀ ပို၊ ဒေါ် (ပါမောက္ခ)၊ ၁၉၉၂၊ ၁။
၂၁ –ယင်း–။
၂၂ ပို၊ ဒေါ် (ပါမောက္ခ)၊ ၁၉၉၂၊ ၂။

ဟူ၍ မိုးဦးလေဦးတွင် နန်းနီအရပ်ကထွက်သော မီးအိုးကင်းနှင့်ချက်ပြုတ်နေရသည့် လှေသမားလေး၏ဘဝကို မြင်ယောင်လာစေပါသည်။

ကုန်တင်လှေကြီး တျာချင်းကဗျာတွင် ကုန်တင်လှေသမားတို့သည် လှေကြီး တစ်စင်းလုံးကိုအောက်အရပ် ဒေသထွက်ကုန်များ ပြည့်နက်နေအောင် တင်ဆောင်ထားကြပုံ၊ လှေကြီးဖြင့် ခရီးထွက်ရန်အချိန်ရောက် သောအခါ လှေလုပ်သားတို့သည် လှဲထားသော ရွက်တိုင်ကို အဖျားမှမကာလှေ၏ ဇရာတိုင်တွင် စိုက်ထူကြပြီး ပြင်ဆင်ကာ လုပ်ငန်းခွင် ဝင်ပုံကို–

**"ရွက်တိုင်ဖျားငယ်က လှေသားငယ်တစ်တွေ၊ ဇရာတိုင်ဖူး၊ မြင့်ဖြူး ထူကာနေ၊ စပါးငယ်ဆန်ရေ၊ ထွေထွေကုန်များ၊ ငါးပိငယ် အကောင်၊ ချိန်သောင်းထောင် မြားမြောင်စွာ အပြည့်သားငယ် နှင့်လေး"**[၂၃]

ဟူ၍ လှေသမားတို့၏ လုပ်ငန်းခွင်အတွင်း ပြင်ဆင်ကြပုံ၊ စပါး၊ ဆန်၊ ငါးပိများကို အပြည့်တင်၍ သွားလာကြရပုံကို သရုပ်ဖော်ထားပါသည်။

ကုန်တင်လှေသမားတို့၏ လုပ်ငန်းခွင်သည် ရေလမ်းခရီးဖြစ်သောကြောင့် ရေလမ်း ခရီး ကိုလည်းကျွမ်းကျင်သူ လှေသားတစ်ဦးက လှေဦးမှနေ၍ ရေတိမ်သောနေရာ၊ မြေသားများ ကျောက်ဆောင်များရှိသောနေရာကိုရှောင်ကာ ရေကြောင်းများကို ညွှန်ပြနေရ ပါသည်။ အခြားလှေထိုးသား များကိုလည်း ရေကြောင်းခရီးအခြေအနေကို ပြောပြရပါသည်။ ရေအတိမ်အနက်ကို စမ်းသပ်ရာ လက်ထဲတွင် ထိုးဝါးကိုင်ဆောင် ထားရပုံကို–

**"ရေတိမ်ငယ်မြေသား၊ ကျောက်များငယ်ရှိရာ အကြောင်းကို၊ လူကောင်းဦးကသာ၊ ထိုးဝါးငယ်လက်မှာ၊ မြဲစွာသာမလွှတ်၊ ပုဆိုးနံငယ်၊ အသွယ်သွယ် ခါးဝယ်ယှဉ် အမြဲဝတ်ပါလို့လေး"**[၂၄]

ဟူသောအဖွဲ့ဖြင့် စာဖတ်သူများ မြင်လာအောင် သရုပ်ဖော်ရေးဖွဲ့ခဲ့သည်။ ထို့နောက်လှေဆိုက် ကပ်ချိန်တန်သော အခါလှေကို ကမ်းနားတွင် အခြားလှေများနှင့် ယှဉ်တွဲ၍ ဆိုက်ကပ်ရသည်။ ဆိုက်ကပ်ရာတွင်လည်း လေလုံမိုးလုံသောနေရာကို ရှာပြီးဆိုက်ကပ်ရပုံကို–

**"အချိန်ငယ်တော်ရာ၊ ယှဉ်ကာသာကမ်းနား၊ လေမိုး ငယ်လုံရာ၊ ထောင့်ကောင်းကိုရှာ၊ ဆိုက်ကာဖော်အများ ငယ်နှင့်လေး"**[၂၅]

ဟူ၍ လှေသမားတို့ ဘေးအန္တရာယ်များကင်းအောင် ဆိုက်ကပ်ရပုံကို သရုပ်ဖော် ရေးဖွဲ့ ထားသည်။

ဆင်ဖမ်းသမားဘွဲ့တျာချင်းတွင် ဆင်ဖမ်းသမားတို့၏ လုပ်ငန်းခွင်ဝင်ပုံ သရုပ်ကို တွေ့ရသည်။ ရိုင်းနေသောဆင်များကို ကျုံးသွင်းဖမ်းယူကာ မိမိတို့လိုရာခိုင်းစေနိုင်အောင် ဆင်ဦးစီးများက သင်ပေးရသည်။ ထိုသို့သော ဆင်ဖမ်းသမားတို့၏ ကြိုးစားအားထုတ်မှုကို ဝန်ကြီးမြင်တွေ့ခဲ့သည်။

---

၂၃ –ယင်း–၊ ၁၇၇။

၂၄ –ယင်း–။

၂၅ ပို၊ ဒေါ် (ပါမောက္ခ)၊ ၁၉၉၂၊ ၁၇၇။

ဝန်ကြီးသည် ဆင်ဖမ်းသမားတို့၏ညီညာစွာ တပေါင်းတစည်းတည်း အင်အားသုံး၍ အကြီးအမှူး၏ စီမံခန့်ခွဲမှုကို ခံယူကာ ဆင်ဖမ်းရန်ကြိုးစားအားထုတ်ပုံကို–

**“ဝသန်ငယ်မာသ၊ ဝါလငယ်ကျွတ်ခါ၊ အောက်မားတို့တမ်း၊**
**ရှင်လမ်းခမ္ဘတာ၊ ဆင်ပေါင်းများစွာ၊ ညီညာဆော်နှိုး၊**
**မှူးကဲစီမံ၊ ရိပ်ခြည်သံ၊ မြမြရှင်အားကြိုးပါလို့လေး”**[၂၆]

ဟူ၍ဖွဲ့ဆိုထားပါသည်။ ထို့အပြင် ဆင်ဖမ်းသမားတို့ ဆင်ဖမ်းရာတွင် အန္တရာယ်ကြီးမားပုံ၊ တောထဲ၌ဆင်ရိုင်းများနှင့် ရင်ဆိုင်ကြုံတွေ့ရပုံများကို–

**“တိုက်ဆင်တည့်ပင်၊ တွေ့ပြန်လျှင် ရှောင်အင်လွတ်ရာ**
**ကွင်းရ သေး၊ စွယ်ဟံမုန်ကင်း၊ လျှံဝင်းငယ်မာတင်၊**
**တွေ့ခါတစ်ထူး၊ ပျံ့ပျူးကြည်စိတ်ရှင်”**[၂၇]

ဟူ၍ ဆင်ဖမ်းရာတွင် အန္တရာယ်များကြားမှ လှုပ်ရှားရုန်းကန်ပြီး စည်းလုံးညီညွတ်စွာ ဖမ်းဆီးရပါသည်။ ဖမ်းဆီးရသော်လည်း (စွယ်ဟံမုန်ကင်း) ဆင်ပေါက်ကလေးများတွေ့လျှင် ဝမ်းသာကြည်နူးနေသည့် ဆင်ဖမ်းသမားတို့၏ ဘဝသရုပ်ကို ပေါ်လွင်အောင် ရေးဖွဲ့ခဲ့သည်။

နွားဝန်တင်ဘွဲ့တျာချင်းတွင် နွားဝန်တင်သမားတို့၏ လုပ်ငန်းခွင်အတွင်း ကုန်များ ရောင်းချရန် ခရီးထွက်လာကြပုံကို ဖော်ပြရာ၌ စုရုံး၍ အစီအစဉ်အလိုက်တန်းကာ ငယ်ထိပ်တွင် ဗွေပါပြီး နွားကြံ့ အင်လက္ခဏာနှင့် ပြည့်စုံသောနွားကို ရှေ့၌ထား၍ ဦးဆောင်သွားပုံကို —

**“ခြောက်ကွင်းငယ် ကြိုးခွေ၊ ဆိုရိုးဗွေ နွားပြေသာ နွားကျစ်**
**ကျားငယ်နှင့်လေး”**[၂၈]

ဟူ၍ သရုပ်ဖော်ထားသည်။ နွားဝန်တင်သမားတို့သည် ခရီးသွားရာတွင် စည်းစည်းလုံးလုံး တိုင်ပင်၍ ပျော်ရွှင်ဖွယ် သွားလာကြပုံကို မြင်ယောင်လာစေပါသည်။

နွားဝန်တင်သမားတို့၏ ရှေ့ဆောင်နွားပိုက်၏ ခေါင်းလောင်းသံကို နားထောင်၍ နောက်နွားများက အစဉ်တစိုက်လိုက်ကြပုံ၊ ရပ်နားရန်စခန်းသို့ ရောက်သောအခါ နွားဝန်တင် သမားများသည် နွားတို့၏ ကျောမှခြင်းနှင့်အုံးတို့ကို တစ်ယောက်တစ်လက် ချပေးကြပုံ တို့ကို အသေးစိတ်၊ အနုစိတ် သရုပ်ဖော်ရေးဖွဲ့ထားပါသည်။ ထို့ကြောင့် ဝန်ကြီးသည် လက်လုပ်လက်စား ဆင်းရဲသားပြည်သူတို့၏ လုပ်ငန်းခွင်အတွင်း လှုပ်ရှားရုန်းကန်ရပုံကို မြင်ယောင်၊ ကြားယောင်လာစေရန် သရုပ်ဖော် ရေးဖွဲ့ထားပါသည်။

## ယုံကြည်ကိုးကွယ်မှုဆိုင်ရာ သရုပ်ဖော်အဖွဲ့များ

ညောင်ရမ်းခေတ် ဝန်ကြီးပဒေသရာဇာ၏ တျာချင်းများတွင် ရှေးမြန်မာခလေ့ထုံးစံ အတိုင်း ရိုးရာမပျက် ပူဇော်ပသကြသည့် ယုံကြည်ကိုးကွယ်မှု ရှိကြောင်းကိုလည်း တွေ့ရသည်။

ပိန်းကောလေ့ငယ်ရှင်တျာချင်းကဗျာတွင် ပိန်းကောလေ့သမားသည် ထမင်းမစားမီ လမိုင်းနတ်ပူဇော်ပုံကို —

---

[၂၆] –ယင်း–။
[၂၇] –ယင်း–၊ ၁၇၈။
[၂၈] ဖိုးလတ်၊ ဦး၊ ၂၀၁၁၊ ၂၇၆။

**"တစ်ယောက်ချင်းတည့်၊ ထမင်းရူးသော် တစ်ဆုတ်ကို နေ့တိုင်း၊ လမိုင်းနတ်ပူဇော်"**[၂၉]

ဟူ၍ လှေသမားလေး၏ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ပူဇော်မှုကို သရုပ်ဖော်ရေးဖွဲ့ခဲ့သည်။

ပိန်းကောလှေသမားကြီးများသည်လည်း ရေလမ်းခရီးကို သွားလာနေကြရသဖြင့် အသက်အန္တရာယ်ကင်းရန်အတွက် ရှေးမြန်မာတို့၏ ဓလေ့ထုံးစံအတိုင်း ယုံကြည်ကိုးကွယ်မှု ရှိကြပါသည်။ လှေ၏ ရွက်တိုင်ထိပ်တွင် အဖြူရောင်ပိတ်စကို ကြက်လျှာပုံသဏ္ဍာန် ပြုလုပ်၍ အာ၊ သော၊ မာ၊ ဝ ဟူသော ဘုရားစာကို ရေးသားထားကြောင်းကို —

**"ရွက်တိုင်ထွတ်မှာ၊ဖြူဆွတ်ကယ်ကြက်လျှာ၊**

**အာသောမာဝ၊ အများကိုးကွယ်ရာ၊ ရှေးထုံးငယ်စဉ်လာ၊ ရိုးရာသာအမှု"**[၃၀]

ဟူ၍ သရုပ်ဖော်ရေးဖွဲ့ထားပါသည်။

တောဆင်ဖမ်းဘွဲ့တျာချင်းကဗျာတွင်လည်း မိုးရာသီကုန်ဆုံးစ သီတင်းကျွတ် ဆောင်းရာသီအချိန်တွင် ဆင်ဖမ်းသမားများသည် တောဆင်ရိုင်းများကို သက်စွန့်ကြိုးပမ်း ရှာဖွေဖမ်းဆီးကြပါသည်။ ဆင်ဖမ်းအထွက်မှီ တော၏ဓလေ့ထုံးတမ်းများအရ ဆင်ဖမ်းသမား များသည် တောဆင်ရိုင်းများကို ဖျားယောင်း သွေးဆောင်မည့် တိန်ညင်းဆင်မများကို ကျက်သရေမင်္ဂလာဖြင့် တင့်တင်စေရန် ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများနှင့်အညီ တရော်ကင်ပွန်းများဖြင့် ဦးခေါင်းဆေးလျှော်ပေးရသည်။ ပြီးလျှင် မွှေးပျံ့သော နံ့သာများဖြင့် ဆွတ်ဖျန်း ပေးကြရသည်။ ဗြဟ္မဏပုဏ္ဏားတို့ကလည်း အောင်ပြီ၊ အောင်ပြီဟု ဟစ်ကြွေးကာ ရေတွင်းကိုးကန်၊ ရေကန်ကိုးကန်မှ ရေစင်ရေသန့်များဖြင့် သွန်းလောင်း၍ ဂါထာမန္တန်များ မန်းမှုတ်လျက် ဆေးကြောသန့်စင်ပေးကြရကြောင်းကို –

**"တိန်ညင်းငယ်တင့်နိုး၊ ကျင့်ရိုးငယ်စုံစီ တရော်ကင်မွန်း၊ ပျံ့မွန်းမွှေးလှိုင်ညီ၊ ဗြဟ္မာငယ်သံချီ၊ အောင်ပြီလေဆော်ကြွေး၊ ကိုးတွင်းကိုးကန်၊ ရေသန့်မှန် မန္တန်မန်းမှုတ်ဆေး ပါလို့လေး"**[၃၁]

ဟု ဆင်ဖမ်းခြင်းလုပ်ငန်း မစတင်မီ မိမိတို့ယုံကြည်မှုအလျှောက် ကြိုတင်ပြင်ဆင် လုပ်ကိုင်ကြပုံ မြန်မာ့ဓလေ့များကို သရုပ်ဖော်ရေးဖွဲ့ထားပါသည်။

ဆင်ဖမ်းသမားတို့ ရိုးရာစဉ်လာ ယုံကြည်ကိုးကွယ်သည့် ပရမေသွာရိန်၊ ဥတိန်နတ် တို့ကို အုန်း၊ ကြံ၊ ငှက်ပျော၊ မုန့်၊ ပျားသကာ၊ ကြက်၊ ဝက်ဟင်းလျာ သေရည် သေရက် စသည်ဖြင့် ပူဇော်ပသကြပါသည်။ ဤသို့ ဆင်ဖမ်းသမားတို့၏ ဓလေ့ထုံးစံများကို သရုပ်ဖော်ထားပုံမှာ —

**"ကြက် ဝက် ကယ်ဟင်းလျာ၊ သေစာဖိုမ ပရမေသွာရိန်၊ နတ်ဥတိန် တင်ချိန် ပူဇော်ပသပါလို့လေး"**[၃၂]

ဟူ၍ သရုပ်ဖော်ထားပါသည်။

---

၂၉ ပို၊ ဒေါ်၊ ၁၉၉၂၊ ၂။
၃၀ ပို၊ ဒေါ် (ပါမောက္ခ)၊ ၁၉၉၃၊ ၁၇၇။
၃၁ –ယင်း–။
၃၂ –ယင်း–၊ ၁၇၈။

တောတွင်း၌ အောက်မားဆင်းဖမ်းသူတို့သည် အလွန်အန္တရာယ်ကြီးပါသည်။ ဆင်ဖမ်းသမားတို့ လင်မယားနှစ်ဦးစလုံး သစ္စာစောင့်သိရပါသည်။ လော်လီဖောက်ပြားသော အပြုအမူများကို မပြုရကြောင်း ဖော်ပြထားသည်။ အိမ်မှာကျန်ခဲ့သည့် ဇနီးနှင့်အိမ်သား အားလုံးတို့ကလည်း အိမ်ထောင်ဦးစီး ဆင်ဖမ်းသွားစဉ် ဆံပင်ဖားလျားမချရပါ။ အိမ်လည် မသွားရပါ။ ရိုးသားစွာ စည်းကမ်းရှိရှိ နေထိုင်ရပုံကို —

**“မယားငယ်အိမ်ရှင်၊ ဆံပင်ဖားလျား မချအပ်စွာ မင်္ဂလာ၊**
**ဆောင်ရာ လက်ထပ်များကိုတဲ့လေး၊ ပုံးရည်တောင်းစား၊**
**သွားလားအိမ်ရာ၊ လော်လည်တစ်ခန်း၊ ကူးသန်းမကျင့်ရာ**
**ဆွေရင်းငယ်သူငါ၊ ဘာသာလေလက်စွဲ ကျွမ်းဝင်ကျီစယ်၊**
**ပြုရာဖွယ် ပစ်ပယ်ရှောင်ကြမြဲကိုတဲ့လေး”**[၃၃]

ဟူ၍ အိမ်သူဇနီးလိုက်နာရမည့် အချက်များကို သရုပ်ဖော်ရေးဖွဲ့ထားပါသည်။

နွားဝန်တင်သမား တျာချင်းဘွဲ့တွင်လည်း နွားဝန်တင်သမားများသည် အသက် အန္တရာယ်ကိုစွန့်၍ သွားလာနေရသောကြောင့် ရိုးရာထုံးတမ်းစဉ်လာများကို တင်မြှောက်ကြ ရပါသည်။ နွားဝန်တင်သမားများသည် ထမင်းဟင်းကျက်ပြီးသောအခါ ရက္ခစိုးနတ်ကို ရည်ရွယ် တင်မြှောက်ပြီးမှ စားသောက်ကြကြောင်းကို–

**“ရက္ခနတ်ကိုပင်၊ တင်ကာထားတော့သည်။”**[၃၄]

ဟုလည်း သရုပ်ဖော်ရေးဖွဲ့ထားပါသည်။

ဝန်ကြီးသည် သူ၏ တျာချင်းတွင် ဆင်းရဲသားပြည်သူတို့က မိမိတို့၏ ယုံကြည် ကိုးကွယ်မှုဆိုင်ရာ များကို လိုက်နာကျင့်သုံးမှသာလျှင် လမ်းခရီးတွင် အန္တရာယ်အပေါင်းမှ ဖယ်ရှားနိုင်သည်ဟု ယုံကြည်ကြပါသည်။ ထို့ကြောင့် မိမိတို့ယုံကြည်ရာများကို လမ်းခရီး တစ်လျှောက်မှာ ပသပူဇော်ပုံများကို တွေ့ရသည်။

### ၃၊၄။ နေထိုင်စားသောက်ပုံ သရုပ်ဖော်အဖွဲ့များ

ဝန်ကြီးရေးသားထားသော တျာချင်းကဗျာများတွင် ညောင်ရမ်းခေတ် ဆင်းရဲသား ပြည်သူ တို့သည် ဟန်မဆောင်ဘဲ ရှိသမျှနှင့်ရောင့်ရဲတင်းတိမ်တတ်ပြီး အပူအပင်မရှိဘဲ ရင်းနှီး ချစ်ခင်စွာ တစုတဝေးတည်း စားသောက်တတ်ကြပုံကို မြင်ယောင်လာအောင် သရုပ်ဖော် ရေးဖွဲ့ထားသည်။

ထန်းတက်သမားမိသားစုသည် နီးဒေါင်းလန်းကြီးထဲတွင် ထမင်းများ၊ ဟင်းများ ရူးခပ်ထည့်ပြီးဝိုင်းဖွဲ့စားကြသည်။ ထန်းတက်သမားမိသားစုတွင် သားသမီးများသည့်အတွက် တစ်ယောက်နှင့် တစ်ယောက်ဒူးချင်းထိကာ ဒူးတစ်ဖက်ကိုတွန်းကာဖယ်လျက် သူ့ထက်ငါ အားရပါးရစားကြသည်။ ထမင်းများကို လက်နှင့်ဆုပ်ပြီး ငုံ့ကာငုံ့ကာ အားရပါးရစားကြ၍ စားပြီးသောအခါ ကျန်ရှိသည့် စားကြွင်းစားကျန်တို့ကို ခွေးအားကျွေးလိုက်ပုံကို–

**“နီးဒေါင်းလန်းကြီး၊ ရူးပြီးသောခါ၊ သမီးနှင့်သား၊ များလို့**
**မဝင်သာ၊ ဒူးတစ်ဖက်ဟာ၊ တွန်းကာဖယ်လျက်၊**
**သူ့ထက်ငါလေ၊ စားတော့မည်စေ၊ စားပေသာလှ၊ အုန်းခွက်**

---

၃၃ ပို၊ ဒေါ် (ပါမောက္ခ)၊ ၁၉၉၃၊ ၁၇၈။
၃၄ ဖိုးလတ်၊ ဦး၊ ၂၀၁၁၊ ၂၇၇။

> **ကယ်နှင့်လေး၊ ငုံ့လျက်ကိုယ်စီသာ၊ ဆုပ်ကာ လွေးတော့သည်၊ ပြီးလျှင်ရေမရှာ၊ ချွေးသာကျွေးတော့သည်။"**[၃၅]

ဟု မိသားစုပျော်ပျော်ပါးပါး စားသောက်ပုံကို သရုပ်ပေါ်အောင် ရေးဖွဲ့ထားသည်။

လယ်သမားမိသားစုသည် အိမ်သို့ရောက်သောအခါ မိမိတို့ရှာဖွေရှာဆွတ်လာသော သား၊ ငါး၊ အသီးအရွက်များကို ရောကာချက်ပြုတ်စားသောက်ကြပါသည်။ ထမင်းမြိန်စေရန် ငရုပ်သီးကိုထည့်၍ စားကြသဖြင့် တရှူးရှူးတရှဲရှဲဖြစ်နေပါသည်။ ခေါင်းမဖော်ဘဲ ငုံ့ကာစားသောက်ကြပုံမှာ –

> **"အိမ်သို့ရောက်က၊ ခဏအောင့်လျှင်၊ တံစို့ထက်နှင့် ထန်းလျှက် ဖိုမှာကင်၊ ဟင်းအိုးဆူလျှင် အကင်ခတ်ပြီး၊ အိုးကင်းနှင့်လှော်၊ ရေနှင့်ကြော်၊ မိုးမျှော် ငရုပ်သီး ငယ်နှင့်လေး"**[၃၆]

ဟူ၍ လည်းကောင်း မိသားစုထမင်းဝိုင်းလေးမှာ ဆီမပါချက်ပြုတ်စားရသော်လည်း သားငယ်သမီးငယ်များ ဘယ်ညာဝန်းရံနေသောကြောင့် နွေးနွေးထွေးထွေးရှိကာ စားမြိန်လျက်ရှိလှပါသည်။ ရှိသမျှဖြင့်ရောင့်ရဲတင်းတိမ်သဖြင့် ပျော်စရာအလွန်ကောင်းပုံကို–

> **"အလုတ်ကယ် ရောသာ၊ ငုံ့ကာလွေးတော့သည်၊ သားမြေး ငယ်မာချာ ဘယ်ညာထွေးတော့သည်"**[၃၇]

ဟူ၍ သရုပ်ဖော်ရေးဖွဲ့ထားပါသည်။

ပိန်းကောလှေငယ်ရှင်တျာချင်းကဗျာတွင် လှေသမားလေး၏ စားသောက်ပုံကိုလည်း အသေးစိတ် ရေးဖွဲ့ပြထားသည်။ အရိုးအရွက်ပါမကျန် ရောမွှေချက်ပြုတ်ထားသော ချဉ်ပေါင်ဟင်း ပူပူလောင်လောင်နှင့် ငါးပိကင်ကို ကြေးလင်ပန်းနှင့် ခင်းကျင်းထားသည့် ထမင်းဖြင့် စားသောက်ရသည့် ပိန်ကောလှေငယ်ရှင်ဖြစ်ကြောင်းကို–

> **"လှေဆိုက်တည့်လျှင်၊ ကြေးလင်နှင့်ကျင်း ရိုးရွက်ကယ်ဖူးခေါင်၊ အာပါးကိုလောင်၊ ချဉ်ပေါင်ပူလှသည့် ဟင်းငယ်နှင့်လေး"**[၃၈]

ဟူ၍ သရုပ်ဖော်ရေးဖွဲ့ထားပါသည်။

ကုန်တင်လှေကြီးတျာချင်းကဗျာတွင် ကုန်တင်လှေသမားတို့သည် လှေဆိုက်ကပ်ပြီးလျှင် စားသောက်မှုအတွက် ဗူး၊ ဖရုံတွင် အမဲဟင်းငါးပုံတစ်ပုံစပ်ကာပြင်ဆင်ချက်ပြုတ်ပုံကို–

> **"စုံရာငယ်ပျော်ပါး၊ စားမှုကိုစီရင် အိုးသူကြီးမှာ၊ ပြည့်နီးမန်း နှင့်ပင် စလောင်းငယ်မြေအင်၊ ကုန်စင်ငယ်မလပ်၊ ဗူးရောဖရုံ ဟင်းမျိုးငယ်စုံ၊ ငါးပုံမှာ အမဲစပ်ပါလို့လေး"**[၃၉]

ဟူ၍ သရုပ်ဖော်ရေးဖွဲ့ထားပါသည်။ လှေသမားတို့သည် ပျော်ပျော်ရွှင်ရွှင်နေတတ်ကြပုံများကို ဖွဲ့ဆိုထားပါသည်။ လှေသမားတို့သည် တစ်စုတစ်ရုံးတည်း ပျော်ပျော်ပါးပါးစားသောက်ကြပါသည်။ စားပြီးလျှင် ဝိုင်းဖွဲ့ကာပြောကြ၊ ဟောကြ၊ တိုင်ပင်ကြနှင့် ပျော်ပွဲဆင်နွဲကြပါသည်။

---

၃၅ ဘရင်၊ ဦး၊ ၁၉၅၄၊ ၆၉–၇၀။
၃၆ –ယင်း– ၆၉။
၃၇ –ယင်း–၊ ၇၀။
၃၈ ပို၊ ဒေါ် (ပါမောက္ခ)၊ ၁၉၉၂၊ ၂။
၃၉ –ယင်း–၊ ၁၉၉၃၊ ၁၇၈။

နွားဝန်တင်ဘွဲ့တျာချင်းတွင် နွားဝန်တင်အဖွဲ့သားများသည်လည်း ခရီးဆက်ခဲ့ရာ စခန်းတစ်ခု၌ နားနေကြပါသည်။ ထိုအခိုက်တွင် ထမင်းချက်သူချက်၊ နွားကျောင်းသူက ကျောင်း၍ ချက်ပြုတ်သူတို့က ကြေးလင်ဗန်းတွင် ထမင်းခူးကြပြီး ညီအစ်ကိုရင်းသဖွယ် ချစ်ချစ်ခင်ခင် စားသောက်ကြပုံကို–

**“သွေးသောက်ညီညာ၊ ခူးကာထမင်း ဆေးမစင်သည်၊**
**ကြေးလင်နှင့် ကျင်းပါလို့လေး”**[၄၀]

ဟူ၍ သရုပ်ဖော်ရေးဖွဲ့ထားပါသည်။

ထိုသို့စားသောက်ပြီး၍ သားရေခေါင်းအုံးကြီးတွင် လဲလျောင်းသူကလဲလျောင်း၊ ထိုင်သူကထိုင်၊ အရိပ်ကောင်းရာအိပ်သူကအိပ်၊ အတွေးများပေါင်းစုံနှင့် တွေးသူကတွေး နေကြပုံကို–

**“အိပ်မှောက်တစ်ချို့နေ၊ တွေဝေမှေးတော့သည်၊**

**တချို့ရိပ်ကောင်းရာ၊ ရှာကာကွေးတော့သည်”**[၄၁]

ဟူ၍ သရုပ်ဖော်ရေးဖွဲ့ထားပါသည်။

ထို့ကြောင့် ဝန်ကြီးပဒေသရာဇာသည် ညောင်ရမ်းခေတ်ပြည်သူတို့၏ ပျော်ရွှင်ဖွယ် စားသောက်ပုံနှင့် ပျော်ပျော်ပါးပါး သိုက်သိုက်ဝန်းဝန်း နေထိုင်ကြပုံကို သဘာဝကျကျ သရုပ်ဖော်ထားပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

## ခြုံငုံသုံးသပ်ချက်

ဝန်ကြီးသည် အသည်ဝန်ကြီးအဖြစ် အမှုထမ်းစဉ်က မြင်တွေ့ကြားသိခဲ့ရသော လူမှုဘဝ အထွေထွေကို သူ၏တျာချင်းကဗျာများတွင် ထည့်သွင်းရေးဖွဲ့ထားသည်။ ထိုသို့ ရေးဖွဲ့ရာတွင်နိုင်ငံ၏ အဓိကစားဝတ်နေရေးအတွက် လုပ်ရှားရုန်းကန်နေရသော လယ်သမား၊ ထန်းသမား၊ ဆင်ဖမ်းသမား တို့၏ဘဝနှင့် နိုင်ငံစီးပွားရေးအတွက် အချက်အချာဖြစ်သော ကုန်သွယ်လှေသမားတို့၏ဘဝ၊ နွားဝန်တင်သမားတို့၏ဘဝ အထွေထွေကို အသေးစိတ် အနုစိတ်ဘဝသရုပ်ကို ပေါ်လွင်အောင် ရေးဖွဲ့ထားကြောင်း တွေ့ရသည်။ ထိုသို့သရုပ်ဖော်ရာ၌ ထိုသူတို့သည် ကာယ ဉာဏ စွမ်းအားနှင့် ကြိုးစား လုပ်ဆောင်ကြပုံ၊ ကြိုးစားသလောက် အကျိုးမဖြစ်ထွန်းသော်လည်း မိမိဘဝကို ကျေနပ်နှစ်သက် ရောင့်ရဲနေကြသည့် ဆင်းရဲသား ပြည်သူတို့၏ ဘဝအားမာန်ကို သရုပ်ဖော် ရေးဖွဲ့ခဲ့သည်။ ထို့ကြောင့် သမာအာဇီဝဖြင့် ရိုးသားစွာ လုပ်ရှားရုန်းကန်နေသော ဆင်းရဲသား ပြည်သူတို့၏ ဘဝကိုမြင်ယောင်လာ စေပါသည်။

---

၄၀ ဖိုးလတ်၊ ဦး၊ ၂၀၁၁၊ ၂၇၇။
၄၁ –ယင်း–။

## နိဂုံး

စာဆိုသည် အိမ်တော်နန်းတော်မြို့ရိုးကို ကျော်ကာရိုးရိုးသားသား လုပ်ကိုင်ရှာဖွေစားသောက် နေကြရသည့် ပြည်သူတို့၏ ဘဝကို မြင်ခဲ့သည်။ ထို့ကြောင့် ထီးနန်းဝန်းကျင်မှ သွေဖည်၍ ဆင်းရဲသားလုပ်သားပြည်သူတို့၏ ဘဝအထွေထွေကို ရေးဖွဲ့ခဲ့သည်။ ထိုသို့ရေးဖွဲ့ရာတွင် ကုန်ထုတ်လုပ်သူ ကုန်သွယ်သူတို့အကြောင်းကို ရှုထောင့်မျိုးစုံမှနေ၍ ဖော်ပြခဲ့သည်။ မိမိတို့တစ်ဝမ်းတစ်ခါးအတွက် သမာအာဇီဝဖြင့် ကြိုးစားလုပ်ကိုင်ကြရသည့် ဆင်းရဲသားပြည်သူတို့ စားမှု နေမှု ဘဝအတွက် ရုန်းကန် လှုပ်ရှားရပုံတို့ကို ရေးဖွဲ့ရာတွင် ကြီးကျယ်ခမ်းနားဆန်းပြားမှုမရှိဘဲ အရိုးခံအတိုင်း ဘဝအားမာန်ကို ပေါ်လွင်အောင် သရုပ်ဖော်ထားပါသည်။ ထို့ပြင် ပြည်သူတို့၏ ဘဝသရုပ်ကိုလည်း ပို၍ ပီပြင်ထင်ရှားလာခဲ့ပါသည်။ ထို့ကြောင့် မြန်မာစာပေလောကမှသည် ယနေ့တိုင် မှတ်တိုင် တစ်ခုအဖြစ် ရပ်တည်လျက်ရှိနေပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၂၀၀၂)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ (ပဉ္စမကြိမ်)***။ ရန်ကုန်၊ ရာပြည့်ပုံနှိပ်တိုက်။

ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၂၀၀၉)။ ***စကားပြေသဘောတရားစကားပြေအတတ်ပညာ***။ ရန်ကုန်၊ မြနန္ဒာစာအုပ်တိုက်။

ဇော်ဂျီ။ (၁၉၉၇)။ ***ဆရာဇော်ဂျီ ကဗျာပေါင်းချုပ် (ပဉ္စမ–တွဲ)***။ ရန်ကုန်၊ စာနယ်ဇင်း။

ထင်၊ **မောင်**။ (၁၉၈၁)။ ***ဝတ္ထုရှည်စာတမ်း အတွဲ (၁)***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ထွန်းရွှေ၊ **ဦး**။ (၁၉၅၇)။ ***ကဗျာစွယ်စုံကျမ်း။*** ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ပို၊ **ဒေါ်** (ပါမောက္ခ)။ (၁၉၉၂)။ **မြန်မာစာညွန့်ပေါင်းကျမ်း ဒုတိယတွဲ (စကြိမ်)**။ ရန်ကုန်၊ ပြန်ကြားရေး ဝန်ကြီးဌာနပုံနှိပ်တိုက်။

ပို၊ **ဒေါ်** (ပါမောက္ခ)။ (၁၉၉၃)။ ***မြန်မာစာညွန့်ပေါင်းကျမ်း ပဉ္စမတွဲ (စကြိမ်)***။ ရန်ကုန်၊ ပြန်ကြားရေး ဝန်ကြီးဌာနပုံနှိပ်တိုက်။

ဖိုးလတ်၊ **ဦး**။ (၂၀၁၁)။ ***သီချင်းပဒေသာပေါင်းချုပ်။*** ရန်ကုန်၊ ပန်းရွှေပြည်စာပုံနှိပ်တိုက်။

ဘရင်၊ **ဦး**။ (၁၉၅၄)။ ***ကဗျာပန်းကုံး။*** ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၃)။ ***မြန်မာအဘိဓာန် (ပဉ္စမကြိမ်)***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

# ဗန်းမော်တက္ကသိုလ်၏ ကိုယ်ပိုင်တံဆိပ် (Logo) ကိုလေ့လာခြင်း

ခိုင်မော်ဝင်း*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဗန်းမော်တက္ကသိုလ်၏ ကိုယ်ပိုင်တံဆိပ် (Logo)အကြောင်း လေ့ထားသော စာတမ်းဖြစ်သည်။ ဤစာတမ်းတွင် ဗန်းမော်တက္ကသိုလ်တည်ထောင်ခြင်း ရက်စွဲမှတ်တမ်းနှင့် ကိုယ်ပိုင်တံဆိပ်၊ တံဆိပ်တစ်ခု ပေါ်ပေါက်လာအောင် ညွှန်ကြားတာဝန်ပေးသူ၊ ပုံကြမ်း စီစဉ်ရေးဆွဲသူ၊ ပုံချောရေးဆွဲသူ၊ တံဆိပ်ပါ မျဉ်းများ၊ ပါဝင်သောအရောင်၊ စာသား၊ ပုံသင်္ကေတ၊ အကောင်အထည်စဖော်သည့် အချိန်၊ အတည်ပြုချိန်၊ စတင်အသုံးပြုချိန်တို့ အကြောင်းကို လေ့လာ မှတ်တမ်းတင်ထားပါသည်။ တက္ကသိုလ်ကိုယ်စားပြုတံဆိပ် အမှတ်အသားနှင့် ဆက်စပ်သော အကြောင်းအရာများကို စုစည်းမှတ်တမ်းတင်လိုခြင်း၊ အမှတ်တံဆိပ်အဖြစ် မော်ကွန်းဝင် ဖြစ်ပေါ် လာအောင် အားစိုက်ကြိုးပမ်း ဆောင်ရွက်ခဲ့သည့်ပုဂ္ဂိုလ်များကို ဂုဏ်ပြုလိုခြင်း စသည့် ရည်ရွယ်ချက်များဖြင့် ပြုစုရခြင်း ဖြစ်ပါသည်။ ဗန်းမော်တက္ကသိုလ်၏ သမိုင်းကြောင်း မှတ်တမ်း အတွက် တစ်ထောင့်တစ်နေရာမှာ အရေးပါမည်ဟု ယုံကြည်မိပါသည်။

သော့ချက်ဝေါဟာရများ – ဗန်းမော်တက္ကသိုလ်၊ ကိုယ်ပိုင်တံဆိပ်၊ ပုံကြမ်း၊ ပုံချော၊ အခြေခံမျဉ်း၊ အရောင်၊ စာသား၊ ပုံသင်္ကေတ။

## နိဒါန်း

ဤစာတမ်းသည် ဗန်းမော်တက္ကသိုလ် တည်ထောင်ခြင်း (၁၈)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တင်သွင်းသော စာတမ်း ဖြစ်ပါသည်။ ဤစာတမ်းတွင် ဗန်းမော်တက္ကသိုလ်နှင့် ဗန်းမော်တက္ကသိုလ်ကို ထာဝရ ကိုယ်စားပြုသည့် ကိုယ်ပိုင်တံဆိပ် (Logo)အကြောင်းကို အသေးစိတ် လေ့လာတင်ပြ ထားပါသည်။ တံဆိပ်တစ်ခု ဖြစ်မြောက်ရေးအတွက် တာဝန်ပေးအပ်သူ၊ တာဝန်ယူကာ ပုံကြမ်း စီစဉ်ရေးဆွဲသူ၊ ပုံချောရေးဆွဲသူ၊ တံဆိပ်ပါ မျဉ်း၊ အရောင်၊ စာသား၊ ပုံသင်္ကေတ၊ စတင်ချိန်၊ ပြီးဆုံးချိန်၊ အတည်ပြုချိန်၊ စတင်အသုံးပြုချိန်တို့ကို စွမ်းနိုင်သမျှ လေ့လာတင်ပြထားပါသည်။

ပုံကြမ်းရေးဆွဲသူ၏ ကိုယ်ပိုင်အတွေး၊ ရည်မှန်းသည့် ပန်းတိုင်၊ ရေးဆွဲရခြင်း သဘောထားမှ အစ သိလိုသမျှကို ဖုန်းဖြင့်လည်းကောင်း၊ Message ဖြင့်လည်းကောင်း တိုက်ရိုက်မေးမြန်းကာ မှတ်တမ်းပြုစုရေးသားပါသည်။ ပုံကြမ်းကိုဒီဇိုင်းပညာရှင်ထံ ပို့ဆောင်ပေးခဲ့သူ၊ ပုံချောရေးဆွဲသည့် ပညာရှင်ကြီး၏ သမီးဖြစ်သူတို့ထံ ဖုန်းဖြင့် ဆက်သွယ်ပြီး အချက်အလက်အချို့ကို မှတ်တမ်း ရယူခဲ့ပါသည်။ ဗန်းမော်တက္ကသိုလ် အရှေ့တိုင်းပညာဌာနတို့လည်း သွားရောက်မေးမြန်းခဲ့ပါသည်။အကြောင်းအရာတစ်ရပ် ပေါ်လွင်ရာပေါ်လွင်ကြောင်းအတွက် အချက်အလက်များကို စနစ်တကျစုဆောင်းခြင်း၊ ဖော်ထုတ်ခြင်းသည် 'သုတေသန' ဖြစ်သည်၊ မသိရှိသေးသည့် အကြောင်း အရာများကို စနစ်တကျ စူးစမ်းလေ့လာ ရှာဖွေဖော်ထုတ်ခြင်းသည် 'သုတေသနလုပ်ငန်းစဉ်' ဖြစ်သည်ဟု ယုံကြည်၍ အချက်အလက်များကို မှန်ကန်အောင် ဖော်ထုတ်လေ့လာထားပါသည်။

လေ့လာရာတွင် ကျောင်းတံဆိပ်နှင့် ပတ်သက်၍ ရေးသားထားသော စာအုပ်၊ စာတမ်း ဆောင်းပါးများ ရှိ၊ မရှိ ဦးစွာ လေ့လာပါသည်။ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိန်ထွန်းက ဝဇီရ (အရှေ့တိုင်း)ဟူသော ကလောင်အမည်ဖြင့် ရေးသားသော"ပညာဇီဝိ ဇီဝိတ မာဟုသေဋ္ဌ" (ဗန်းမော်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းပါဆောင်းပါး)တွင် တံဆိပ်၏ ထိပ်စီးရှိ စာသားနှင့်

*ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဗန်းမော်တက္ကသိုလ်

သက်ဆိုင်သော အာဋ္ဌာဝက သုတ္တန်အကြောင်း အကျဉ်းမျှ ရှင်းပြထားသည်ကို တွေ့ရသည်။ ကိုဇော်ဝင်းထွန်းရေးသော "အဘိုးအိုနှင့် LOGO" (ဗန်းမော်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းပါ ဆောင်းပါး)တွင်လည်း တံဆိပ်ပါ "ပညာဇီဝိ ဇီဝိတမာဟု သေဋ္ဌံ" စာသား၏ ပုဒ်ခွဲ၊ ပုဒ်စပ်၊ မှန်ကန်စေရန် ရည်ရွယ်ရေးသားထားသည်ကိုသာ တွေ့ရသည်။ ဤဆောင်းပါးများမှ လိုအပ်သော အချက်များကို မှီး၍ မူရင်းကျမ်းစာအုပ်များကို ရှာဖွေခဲ့ပါသည်။ တံဆိပ်နှင့် ပတ်သက်ဆက်နွှယ်သော အထောက်အထားများ ရရှိရန် ဖေ့စ်ဘွတ်ခ်မှ ရှာဖွေခြင်း၊ သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဆက်နွှယ်သောမိသားစုဝင်များ၊ ပန်းချီပညာရှင်များထံ တိုက်ရိုက်မေးမြန်းကာ ခိုင်မာသော စာတမ်းတစ်စောင် ဖြစ်ရန် အားထုတ်ခဲ့ပါသည်။

ထို့ကြောင့် ဤစာတမ်းသည် တံဆိပ်ဖြစ်မြောက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် အားထုတ်ကြိုးပမ်း စွမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ၊ ဗန်းမော်တက္ကသိုလ် ကိုယ်ပိုင်တံဆိပ်၏ ဖွဲ့စည်းပုံနှင့် ဂုဏ်အင်္ဂါရပ်များစသည့် အကြောင်းများကို လေ့လာတင်ပြထားသော မှတ်တမ်း တစ်စောင်ပင် ဖြစ်ပါသည်။

ကျောင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပွဲတွင် ကျောင်း၏မျက်နှာ၊ ကျောင်း၏ဂုဏ်၊ ကျောင်း၏ အမှတ်သင်္ကေတ ဖြစ်သော ကိုယ်ပိုင်တံဆိပ် (Logo)အကြောင်းကို ဖော်ထုတ်တင်ပြ လိုသော၊ ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုလိုသော ဆန္ဒမွန်ဖြင့် ဤစာတမ်းကို တင်သွင်းရခြင်း ဖြစ်ပါသည်။

## ၁။ ဗန်းမော်တက္ကသိုလ်* နှင့် ကိုယ်ပိုင်တံဆိပ်

ဗန်းမော်တက္ကသိုလ်သည် မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် ရှိသော ကချင်ပြည်နယ် ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ် နမ့်ဖားရပ်ကွက်တွင် တည်ရှိသည်။

၂၉–၆–၂၀၀၁ရက်နေ့တွင် မန္တလေးတက္ကသိုလ် ရွှေပြည်အေး ထမင်းစားဆောင်၏ အောက်ထပ်တွင် ဗန်းမော်ဒီဂရီကောလိပ်ရုံးကို စတင်ဖွင့်လှစ်ခဲ့သည်။

၃–၅–၂၀၀၂ နေ့တွင် ဗန်းမော်မြို့ သိမ်တော်ကြီးဘုရားရှေ့ရှိ အနောက်သာစည်ရပ်ကွက်တွင် ဗန်းမော်ဒီဂရီကောလိပ်ရုံးကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

၂၀၀၂ ခုနှစ်၊ ဇွန်လဆန်းတွင် ယခုတည်ရှိရာ တာမိုင်းလုံရွာသို့ ဗန်းမော်ဒီဂရီကောလိပ်ကို နေရာပြောင်းရွှေ့ ဖွင့်လှစ်ခဲ့သည်။ ၂၀–၁–၂၀၀၇ နေ့တွင် ဗန်းမော်ဒီဂရီကောလိပ်မှ ဗန်းမော်တက္ကသိုလ် အဆင့်သို့ တိုးမြှင့်ခဲ့သည်။ ဗန်းမော်တက္ကသိုလ်သည် နှစ်ပတ်လည်နှစ်ပေါင်း (၁၈)နှစ်ပင် ရောက်ခဲ့ပြီ ဖြစ်ပါသည်။

အစိုးရလုပ်ငန်းဖြစ်စေ၊ အသင်းအဖွဲ့ဖြစ်စေ၊ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ စသည့် အဖွဲ့အစည်းတစ်ခု တည်ထောင်ခြင်းနှင့် ထိုလုပ်ငန်း အသင်းအဖွဲ့ကို ကိုယ်စားပြုသည့် ကိုယ်ပိုင်တံဆိပ် (Logo)ပြုလုပ်ထားရှိခြင်းသည် စောင်းအိုးနှင့်ကြိုးပမာပင် ဖြစ်ပါသည်။

ထို့ကြောင့် ဗန်းမော်တက္ကသိုလ်၏ ကိုယ်ပိုင်တံဆိပ် (Logo)တစ်ခု ပေါ်ပေါက်လာစေရန် တာဝန်ရှိသူများက အဆင့်ဆင့်စီစဉ် ညွှန်ကြားပြီး ပညာရှင်များက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

---

*ဗန်းမော်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း (၂၀၁၀–၂၀၁၁)ပါ ဦးစိုးဝင်း (သင်တန်းရေးရာ)၏ ဖွံ့ဖြိုးဝေစည် တို့တက္ကသိုလ်ပြည် ဆောင်းပါးမှ ကိုးကားပါသည်။

**၁၊ ၁။ တံဆိပ်ဖြစ်မြောက်ရန် စွမ်းဆောင်ခဲ့ကြသူများ**

**၁၊၁၊၁။ တာဝန်စီညွှန်ကြားသူ**

ဗန်းမော်တက္ကသိုလ် ကိုယ်စားပြုတံဆိပ် (Logo)ဖြစ်မြောက်ရန် ညွှန်ကြားသူမှာ ဗန်းမော်တက္ကသိုလ် စတုတ္ထမြောက် အုပ်ချုပ်သူဖြစ်သော ဒုတိယပါမောက္ခချုပ် ဒေါက်တာသာထွန်းအောင် ဖြစ်သည်။ ဆရာကြီးသည် (၁–၉–၂၀၀၇) မှ (၅–၂–၂၀၁၀)အထိ ဗန်းမော်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။ ဆရာကြီးသည် တာဝန်ရှိ ပုဂ္ဂိုလ်များ၏ အဆင့်ဆင့်ညွှန်ကြားမှုကို ခံယူပြီး ကျောင်းတံဆိပ် ဖြစ်မြောက်ရန် တာဝန်ခံ ညွှန်ကြား ဆောင်ရွက်ခဲ့ပါသည်။

**၁၊၁၊၂။ ပုံကြမ်းစီစဉ်ရေးဆွဲသူ**

ဒုတိယပါမောက္ခချုပ် ဒေါက်တာသာထွန်းအောင်၏ ညွှန်ကြားမှုကိုခံယူပြီး ဗန်းမော်တက္ကသိုလ်၏ ကိုယ်ပိုင်အမှတ်တံဆိပ် (Logo)ပုံကြမ်းကို ဖန်တီးစီစဉ်ရေးဆွဲသူမှာ ဗန်းမော်တက္ကသိုလ် မြန်မာစာဌာနမှ လက်ထောက်ကထိက ဒေါက်တာအောင်နေမျိုး (ယခု–ဒေါက်တာအောင်နေမျိုး၊ ပါမောက္ခ၊ ကလေးတက္ကသိုလ်) ဖြစ်ပါသည်။

ဆရာသည် တံဆိပ်ရေးဆွဲရာတွင် ကောင်းမြတ်သော ရည်ရွယ်ချက်၊ မြန်မာ့ယဉ်ကျေးမှု အနှစ်သာရ၊ တက္ကသိုလ်ပညာ၏ အမှတ်သညာ၊ ကျောင်း၏ထူးခြားသော အလှတရားတို့ ပေါင်းစပ် ပါဝင်ရန် ဉာဏ်စေစား ဖန်တီး ရေးဆွဲခဲ့သည်။ ပုံကြမ်းပေါ်လာအောင် ကိုယ်တိုင် ရေးဆွဲခဲ့ပါသည်။

ဆရာ၏တာဝန်ယူ တာဝန်သိမှု၊ စာပေကျွမ်းကျင်နှံ့စပ်မှု၊ မြော်မြင်ဉာဏ်ကြီးမှု၊ ပန်းချီပညာ အခြေခံရှိမှုတို့ကို ဂုဏ်တင်ချီးမွမ်းရပါသည်။ ဒီဇိုင်းဆရာကြီးက "အတွေးအခေါ်ကောင်းပါတယ်၊ ကောင်းပါတယ်"* ဟု ချီးမွမ်းစကား ဆိုရလောက်အောင် စွမ်းဆောင်နိုင်ခဲ့သူပင် ဖြစ်ပါသည်။

**၁၊၁၊၃။ ပုံချောရေးဆွဲသူ**

ဆရာဒေါက်တာအောင်နေမျိုးသည် ပုံကြမ်းကို စိတ်တိုင်းကျ အကောင်းဆုံး ရေးဆွဲပြီးသော အခါ ပိုမိုကောင်းမွန်သော ကျောင်း၏ ကိုယ်ပိုင်တံဆိပ်တစ်ခု ဖြစ်စေရန်၊ အရောင်အဆင် ဒီဇိုင်း ပိုမိုသက်ဝင်လာစေရန် "သင့်ရာအပ်ပို့ ဆရာတို့"ထံ ဆက်လက် လမ်းညွှန်ခဲ့သည်။ ထိုအခါ ဗန်းမော်တက္ကသိုလ် ဘဏ္ဍာဌာနမှ ဌာနစုမှူး ဒေါ်ချိုချိုမာ (ဌာနစုမှူး၊ဘဏ္ဍာဌာန၊ မန္တလေးအဝေးသင် တက္ကသိုလ်)သည် ပုံကြမ်းကို ယူဆောင်ပြီး ဒီဇိုင်းပညာရှင်တစ်ဦးထံ သွားရောက် အပ်နှံခဲ့ပါသည်။ ၎င်းပညာရှင်ကြီးမှာ မြန်မာမှုဒီဇိုင်းသုတေသီ ဦးအေးမြင့်(အမရပူရ)ပင် ဖြစ်ပါသည်။

"ဤတံဆိပ်သည် ဆရာကြီး၏ လက်ဖြင့် ကိုယ်တိုင်အချောသတ် ရေးဆွဲထားပြီး ဆရာကြီး၏ နောက်ဆုံးလက်ရာလည်း ဖြစ်ကြောင်း၊ တန်ဖိုးလည်း ထားစေလိုကြောင်း ဆရာကြီး ဒေါက်တာ အောင်နေမျိုး၏ ပြောစကားအရ သိရှိ မှတ်သားရပါသည်။

ထူးခြားချက်မှာ ဗန်းမော်တက္ကသိုလ် ကိုယ်ပိုင်တံဆိပ်သည် မြန်မာစာမိသားစု၏ မေတ္တာဖြင့် ဖြစ်တည်ခဲ့သော တံဆိပ် ဖြစ်နေခြင်းပင် ဖြစ်ပါသည်။ အကြောင်းမှာ ပုံကြမ်းကို ဆရာကြီးထံ ပို့ဆောင်ပေးခဲ့ပါသော ဒေါ်ချိုချိုမာသည်လည်း မန္တလေးတက္ကသိုလ်၊ မြန်မာစာဌာနမှ ပါမောက္ခ (ဌာနမှူး) အငြိမ်းစားဆရာကြီး ဦးမောင်မောင်လေး၏ သမီးကြီး

* ဒေါ်ချိုချိုမာ၏ ပြောစကားကို မှတ်တမ်းတင်ထားပါသည်။

ဖြစ်ပြီး မြန်မာမှု ဒီဇိုင်း သုတေသီကြီးသည် ဒေါက်တာဖြူဖြူ (တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ လားရှိုးတက္ကသိုလ်)၏ ဖခင်ကြီး ဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။

ဆရာကြီးက ဉာဏ်ပူဇော်ခ မယူဘဲ တစ်ပတ်အတွင်းမှာပင် အချောသတ် ရေးဆွဲပေးခဲ့ပါ သည်။ ထို့ကြောင့် ဆရာကြီး၏ပညာ၊ ဆရာကြီး၏ စေတနာ၊ ဆရာကြီး၏ စိတ်ထားကို အလေးအမြတ်ထား ဂါရဝပြုရပါသည်။

၁၊၂။ ဗန်းမော်တက္ကသိုလ်ကိုယ်ပိုင်တံဆိပ်ကို လေ့လာခြင်း

၁၊၂၊၁။ တံဆိပ်ပါမျဉ်း**(Line)**များ

Logo သည် မျဉ်းကို အခြေခံပြီး ရေးဆွဲသည်။ ပန်းချီသဘောအရ မျဉ်းဖြောင့်၊ မျဉ်းကောက်၊ မျဉ်းကွေး၊ အလျားလိုက်မျဉ်း၊ ထောင်လိုက်မျဉ်း၊ မျဉ်းခုံး စသည့်မျဉ်းများနှင့် ဖွဲ့စည်းပုံဖော်သည်။ တံဆိပ်တွင် မျဉ်းမတ် (vertical line) (၃)ကြောင်း၊ အလျားလိုက်မျဉ်း (horizontal line) (၄)ကြောင်း ပါဝင်သည်။ အလျားလိုက်မျဉ်းကို မျဉ်းကွေး (curved line) များနှင့် အနားသတ်ထားသည်။ စပါးနှံနှစ်ခက်ကို အလျားလိုက်မျဉ်းနှစ်ကြောင်းကို ပစောက်ပုံမျဉ်းကွေးနှင့် ပုံဖော်ထားပါသည်။

၁၊၂၊၂။တံဆိပ်ပါ အရောင်များ

Logoသဘောအရ လိုင်း (Line) ကို အခြေခံပြီး အရောင်ဖြည့်ထားပါသည်။

(၁)အပြာ (၄)အနက်

(၂)အစိမ်း (၅)အနီ

(၃)အဝါ

ဟူသော အခြေခံအရောင်ငါးမျိုးကို အနုအရင့်သုံးကာ အသွေးကျလှပအောင် ရေးခြယ်ထားပါသည်။

(၁) အပြာရောင်

တံဆိပ်၏ ခေါင်းစီးနှင့် အောက်ဆုံးပိုင်းတွင် အပြာရင့်ရောင်၊ မျက်စိနှင့် တည့်တည့်ဖြစ်သော နေရာ (eye level) တွင် အပြာနုရောင်ကို အောက်ခံအရောင်အဖြစ် ခြယ်ထားသည်။ အောက်ခံအရောင်သည် "၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် စတင်ပြဋ္ဌာန်းခဲ့သော အဆင့်မြင့်ပညာ၏ ဝတ်စုံရောင်ကို ကိုယ်စားပြုသည့် ရည်ရွယ်ချက်ဖြင့် သုံးထားပါသည်။"* တည်ငြိမ်သော ပညာဂုဏ်ကို ဆောင်သော အရောင်ပင် ဖြစ်ပါသည်။

(၂) အစိမ်းရောင်

စွယ်တော်ရွက်ကို အစိမ်းရောင် ခြယ်ထားပါသည်။ သဘာဝကျမှု သဘောပေါ်လွင်နေသော အရောင်ပင် ဖြစ်ပါသည်။

(၃) အဝါရောင်

တံဆိပ်၏ ခေါင်းစီးနှင့် အောက်ဆုံးပိုင်း အပြာရင့်ရောင် အောက်ခံပေါ်မှ 'စာသားနှစ်ခု' ကို စိမ်းရွှေရောင်၊ 'ဆီမီးခွက်' ကို မြေဝါရောင်ရင့်၊ 'ဆီမီးခွက်ပုံရှိ မီးတောက်၏ အနားသတ်မီးလျှံ' ကို မြေဝါနုရောင်၊ 'ဘွဲ့ဦးထုပ်၏ အနားသတ်' ကို

---

*ဒေါက်တာအောင်နေမျိုး၏ ပြောစကားကို မှတ်တမ်းတင်ပါသည်

မြေဝါနုရောင်၊ 'စွယ်တော်ပွင့်' ကို ရွှေဝါရောင်၊ 'ပေထုပ်' ကို ရွှေဝါရောင်၊ 'ကလပ်' ကို ရွှေဝါရောင်ရင့် ၊'စပါးနှံနှစ်ခက်'ကို ငှဝါရောင် ခြယ်ထားပြီး ခြယ်ထားပါသည်။

အောက်ခံအရောင်နှင့်လိုက်ဖက်အောင်၊ ပုံတစ်ပုံနှင့်တစ်ပုံ အရောင်တွဲဆက်လုပအောင် အဝါရောင်စုံဖြင့် ခြယ်ထားပါသည်။ စွဲဆောင်မှု၊ တောက်ပခြင်းကိုမြင်သာမှု၊ သဘာဝကျမှုသဘောကို ထင်ရှားစေသော အရောင်များပင်ဖြစ်ပါသည်။

(၄) အနက်ရောင်

ဘွဲ့ဦးထုပ်ကို အနက်ရောင် ခြယ်ထားပါသည်။ ယုတ္တိရှိမှု သဘောပေါ်လွင်နေသော အရောင်ပင် ဖြစ်ပါသည်။

(၅) အနီရောင်

ဆီမီးခွက်မှ မီးတောက်အတွင်းဘက်ကို အနီရောင် ခြယ်ထားပါသည်။ ထွန်းလင်းတောက်ပမှု၊ ရဲရင့်ထက်မြက်မှု သဘောသက်ဝင်နေသော အရောင်ပင် ဖြစ်ပါသည်။

ကျောင်း၏ကိုယ်ပိုင်တံဆိပ် (Logo)တွင် ပါဝင်သော အရောင်များသည် ရည်ရွယ်ချက်ရှိမှု၊ လိုက်ဖက်မှု၊ယုတ္တိရှိမှု၊ အလေးအမြတ်ပြုမှု၊ ထင်ရှားမှု၊ တောက်ပမှု၊ ရဲရင့်မှုဟူသော ဂုဏ်ရည်များ ဖော်ဆောင်နေပါသည်။

၁၊၂၊၃။ **တံဆိပ်ပါစာသား**

ဗန်းမော်တက္ကသိုလ်၏ ကိုယ်ပိုင်တံဆိပ်တွင်

(၁) ပညာဇီဝိ ဇီဝိတမာဟု သေဋ္ဌံ
(၂) ဗန်းမော်တက္ကသိုလ်

ဟူသော စာသား (၂)ခု ပါဝင်ပါသည်။

(၁) ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ

တံဆိပ်၏ ခေါင်းစီးပိုင်း အပြာရင့်ရောင် အောက်ခံတွင် စိမ်းရွှေရောင်ဖြင့် ရေးသားထားသော ဆောင်ပုဒ်စာသား ဖြစ်ပါသည်။

ဤစာသားနှင့် ပတ်သက်၍ ဆရာကြီးဒေါက်တာအောင်နေမျိုးက–

"ပါရာယနဝတ္ထု၊ ဟတ္ထာဠဝက သီတင်းဦး၏ ပစ္စုပ္ပန်ဝတ္ထုမှ
အာဠဝက ဘီလူး၏ အမေးကို မြတ်စွာဘုရား ပြန်ဖြေသောစကားကို
ထည့်ထားတာပါ"*

ဟု ဆိုထားပါသည်။

အာဠဝကဘီလူးသည် ယနေ့တွင်ပင် သောတာပန်ဖြစ်မည်ကို သိသော ဘုရားရှင်သည် အာဠဝီပြည်ရှိ အာဠဝကဘီလူး၏ ဗိမာန်သို့ဝင်၍ ချေချွတ်တော်မူစဉ် ပထမဆုံးမေးသော ပုစ္ဆာ ပြဿနာ(၄)ရပ်ကို ပါဠိဂါထာဖြင့် မေးမြန်းသည်။ တံဆိပ်ပါစာသားသည် ဘုရားရှင်က ဖြေကြား သော စတုတ္ထမြောက် မေးခွန်း၏ အဖြေပင် ဖြစ်ပါသည်။ မေးခွန်းနှင့် အဖြေ၏ မြန်မာပြန် အကျဉ်း စကားကို ပါရာယနဝတ္ထုတွင် ရှင်မဟာသီလဝံသက–

*ဒေါက်တာအောင်နေမျိုး၏ messageကိုမှတ်တမ်းတင်ပါသည်။

မေး – အဘယ်သို့သော အသက်မွေးခြင်းဖြင့် အသက်မွေးသောသူ၏
အသက်ရှင်ခြင်းကိုလျှင် မြတ်သော အသက်ရှင်ခြင်းဟု
ပညာရှိတို့ ဆိုစကုန်သနည်း။[၁]

ဖြေ- ပညာဖြင့် အသက်မွေးသောသူ၏ အသက်ရှင်ခြင်းကိုလျှင်
မြတ်သော အသက်ရှင်ခြင်းဟုပညာရှိတို့ဆိုစကုန်သတည်း။[၂]

ဟု ရေးသားထားပြီး

ပြဿနာလေးပါး၏ အဓိပ္ပာယ်အကျယ်ပြခြင်း အကြောင်းတွင် "ကထံ ဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ"ဟု မေးသည်ကို "ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ"[၃] ဖြေဆိုသည်ဟူ၍ ရေးသားထားပါသည်။

သဗ္ဗညုဘုရားရှင်၏ ထိုအဖြေစကားကို ဆောင်ပုဒ်စာသားအဖြစ် ကျောင်းတံဆိပ်တွင် ထည့်သွင်းရေးသားထားခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဤပါဠိဂါထာကို ခုဒ္ဒကနိကာယ် ပါဠိတော် ခမ္မပဒ ဣတိ ဝုတ္တက သုတ္တနိပါတ ပါဠိတွင်–

မေး – ကထံ ဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ[၄]

ဖြေ – ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ[၅]

ဟုလည်းကောင်း၊

သံယုတ္တနိကာယ (ပဌမောဘာဂေါ)တွင်–

မေး – ကထံ ဇီဝိံ ဇီဝိတမာဟု သေဋ္ဌန္တိ[၆]

ဖြေ – ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌန္တိ[၇]

ဟုလည်းကောင်း ရေးသားထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ပါဠိဂါထာ၏ မြန်မာပြန်နှင့် ပတ်သက်၍ ဒေါက်တာစိန်ထွန်းက ဝဇိရ (အရှေ့တိုင်း) ကလောင်အမည်နှင့် ရေးသားသော "ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ" ဆောင်းပါးတွင်–

"ပညာဖြင့် အသက်မွေးခြင်းကို (သို့မဟုတ်) ပညာဖြင့် အသက်ရှည်ခြင်းကို ချီးမွမ်းအပ်သော အမြတ်ဆုံးသော အသက်မွေးခြင်း၊ အသက်ရှည်ခြင်း"[၈]

---

၁သီလဝံသ၊ ရှင်မဟာ။ ၁၉၆၃။ ၈၀။
၂–ယင်း–၈၁။
၃သီလဝံသ၊ ရှင်မဟာ၊ ၁၉၆၃၊ ၉၁။
၄ခု၊ ၁၊ ၃၀၅။ ၁။ ဥရဂဝဂ္ဂ၊ ၁၀။ အာဠဝကသုတ္တ။
၅–ယင်း–။
၆သံ၊ ၁၊ ၂၀၁၇၊ ၂၁၆။
၇–ယင်း–။
၈ဝဇိရ(အရှေ့တိုင်း)၊ ၂၀၁၀–၂၀၁၁၊ ၅၅။

ဟူ၍ ပြန်ဆိုထားသည်ကို တွေ့ရသည်။

ကိုဇော်ဝင်းထွန်းက

> "ပညာဓိဝိ - ပညာဖြင့် အသက်မွေးမှုကို၊ သေဋ္ဌ- ကောင်းမြတ်သော၊ ဓိဝိတံ - အသက်မွေးမှုဟု၊ အာဟု - ပြောဆို ကြကုန်၏"[၁]

ဟုနိသျပြန်ဆိုထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် ဆောင်ပုဒ်ဂါထာကို-

> "ပညာဖြင့် အသက်မွေးခြင်းသည် အမြတ်ဆုံးသော အသက် မွေးခြင်း ဖြစ်သည်ဟု ဟောတော်မူ၏"

ဟုမြန်မာပြန် အနက်ဖွင့်ဆိုနိုင်ပါသည်။

သဗ္ဗညုတဘုရားရှင်၏ ဖြေစကားကို ဆောင်ပုဒ်စာသားအဖြစ် ထည့်သွင်းရေးသားခဲ့သော ပုံကြမ်းဆွဲသူ ဆရာကြီး၏စေတနာမှာ စာသားနှင့်ဆိုင်ရာ ပါရာယနဝတ္ထုကို ဆက်စပ် ဖတ်ရှု သိရှိလိုက်နာ ကျင့်ကြံစေလိုသည်။ ဗန်းမော်တက္ကသိုလ်ဖွား ပညာတတ်လူငယ်များကို ပညာဖြင့် အသက်မွေးစေလိုသည်။ လူတော်လူမြတ် ဖြစ်စေလိုသည်။ ပညတ်သွားရာ ခတ်သက်ပါစေလိုသည်။ ထိုစေတနာကောင်းတို့ဖြင့် ဗန်းမော်တက္ကသိုလ်ကိုယ်ပိုင်တံဆိပ်တွင် ပညာရပ်ဝန်းနှင့် တစ်ထပ်တည်း ကျသော ဤစာသားကို ထည့်သွင်းခဲ့ခြင်း ဖြစ်မည်ဟု ဆိုနိုင်ပါသည်။

ဤတံဆိပ်စာသားသည် ကျမ်းဂန်လာ ပါဠိဂါထာစာသား ဖြစ်သည့်အတွက် တံဆိပ်အနေအထား လုပမှုထက် ပါဠိသဒ္ဒါနည်းမှန်မှန် ပုဒ်တွဲ၊ ပုဒ်ခွဲရေးသားမှုကို ပို၍ အထူးဂရုပြုရပါမည်။ ဤအချက်နှင့် ပတ်သက်၍ ဗန်းမော်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း (၂၀၁၅)ပါ 'အဘိုးအိုနှင့် LOGO'[၂]ဆောင်းပါးတွင်-

"ပညာဓိဝိ ဓိဝိတမာဟု သေဋ္ဌံ"ဟု ပုဒ်ခွဲရမည်ဟု ရေးသားထားပါသည်။

"ပညာဓိဝိံ" သည် "ပညာယ"ပုဒ်နှင့် "ဓိဝိံ"ပုဒ် နှစ်ခုပေါင်းထားခြင်း ဖြစ်သည်။ "ပညာယ"မှ "ယ" ဝိဘတ်ချေပြီး "ပညာဓိဝိံ"ဟု ပုဒ်တစ်ခုတည်း ဖြစ်အောင် ပါဠိသဒ္ဒါနည်းအရ သမာသ် ပြုထားခြင်းပင် ဖြစ်သည်။

ထို့အတူပင် "ဓိဝိတမာဟု"သည်လည်း "ဓိဝိတံ"နှင့် "အာဟု"ပုဒ်နှစ်ခု ပေါင်းထားခြင်း ဖြစ်သည်။ ပါဠိသဒ္ဒါစည်းကမ်းအရယင်းပုဒ်နှစ်ပုဒ်ပေါင်းသောအခါ နောက်ပုဒ်အစသည် "သရ" ဖြစ်ပါက ရှေ့ပုဒ်ရှိ "တံ" မှ နိဂ္ဂဟိတ်သည် 'မ' (သို့) 'ဒ' ပြောင်းလေ့ရှိသည်။ "ဓိဝိတံ"မှ "ံ" (နိဂ္ဂဟိတ်)နှင့် 'အာဟု'ပုဒ်မှ 'အာ'သရတို့ ပေါင်းကာ 'ဓိဝိတမာဟု'ဟု ပုဒ်တစ်ခုတည်း ဖြစ်စေရန် သန္ဓိပြုထားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓ၏ ဝစနကို ဦးထိပ်ထားပြီး အနက်မှန်ရောက်အောင် ရေးသားခြင်းသည် ဤတံဆိပ်၏ သော့ချက်ပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

---

[၁] ဇော်ဝင်းထွန်း၊ ကို၊ ၂၀၁၅၊ ၁၉၉။
[၂] ဇော်ဝင်းထွန်း၊ ကို၊ (၂၀၁၅)။ ၁၉၉။

(၂) **ဗန်းမော်တက္ကသိုလ်**

တံဆိပ်၏ အောက်ဆုံးပိုင်းရှိ အပြာရင့်ရောင်အောက်ခံတွင် စိမ်းရွှေရောင်ဖြင့် ဖောက်၍ ရေးထားသော "ဗန်းမော်တက္ကသိုလ်"ဟူသည့် စာသားပင် ဖြစ်ပါသည်။

ဗန်းမော်မြို့တွင် တည်ရှိသော တက္ကသိုလ်ဖြစ်၍ "ဗန်းမော်တက္ကသိုလ်"ဟူသော အနွတ္ထသညာ ကျောင်းအမည်သည် ဤတံဆိပ်တွင် ဝင့်ထည်စွာ နေရာရနေပေတော့သည်။

ဗန်းမော်တက္ကသိုလ်ကိုယ်ပိုင်တံဆိပ်၏ ထိပ်ဆုံး နှင့် အောက်ဆုံးတွင် စာသားနှစ်ခုကို ထင်ရှားစွာ တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

၁၊၂၊၄။တံဆိပ်ပါ ပုံသင်္ကေတများ

ဗန်းမော်တက္ကသိုလ်ကိုယ်ပိုင်တံဆိပ်တွင်−

(၁) စပါးနှံနှစ်ခက်
(၂) ဆီမီးခွက်
(၃) ဘွဲ့ဦးထုပ်
(၄) ကလပ်နှင့် ပေထုပ်
(၅) စွယ်တော်ရွက်နှင့် စွယ်တော်ပွင့်

ဟူသော ပုံသင်္ကေတ(၅)ပုံ ပါဝင်ပါသည်။

အနားသတ်မျဉ်း၏ အပြင်ဘက်တွင် အညှာနှစ်ခု ယှက်ထားသော စပါးနှံနှစ်ခက်ပုံ ပါဝင်ပါသည်။

တံဆိပ်ပါ မျက်စိနှင့်တည့်တည့်ဖြစ်သော နေရာ (eye level)၏ အပေါ်နှင့် အောက်ရှိ အကွက်နှစ်ကွက်စီတွင် ဆီမီးခွက်၊ဘွဲ့ဦးထုပ်၊ စွယ်တော်ရွက်နှင့် စွယ်တော်ပွင့်၊ ကလပ်နှင့် ပေထုပ်တို့ ပါဝင်ပါသည်။

(၁) စပါးနှံနှစ်ခက်

Logo Line ၏ အပြင်ဘက်တွင် ရှိသော ပုံသင်္ကေတ ဖြစ်ပါသည်။ တံဆိပ်၏ အပြင်အောက်ခြေတွင် စပါးနှံအညှာ နှစ်ခုကို ယှက်ကာ ဘေးနှစ်ဖက်မှ စပါးနှံနှစ်ခက်ဖြင့် ဝန်းရံထားသော ပုံသင်္ကေတ ဖြစ်ပါသည်။ ဤပုံနှင့်ပတ်သက်၍−

> "တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် လယ်ယာစီးပွား
> ကဏ္ဍသည် အရေးပါနေသည်ကို ပညာရေးနယ်ပယ်ကနေ
> မျက်ခြည်မပြတ် အာရုံစိုက်စေလိုသော ရည်ရွယ်ချက်ဖြင့်
> ရေးဆွဲထားသည်။"*

ဟု ကနဦးပုံဖော်ရေးဆွဲသူက ဆိုထားပါသည်။

တံဆိပ်ပါ စပါးနှံတစ်ခက်တွင် စပါးစေ့ '၁၈'စေ့၊ နှစ်ခက်ပေါင်း '၃၆'စေ့ ရှိရာ ပေါင်းခြင်းအားဖြင့် '၉'ဂဏန်းပင် ဖြစ်သည်ကို လေ့လာတွေ့ရှိရသဖြင့် မင်္ဂလာရှိစေရန် နဝင်းကိုက် စီရင်ရေးဆွဲထားသော အဓိပ္ပာယ် ပြည့်ဝသည့် သင်္ကေတ ဖြစ်ပါသည်။

* ဒေါက်တာအောင်နေမျိုး၏ messageကိုမှတ်တမ်းတင်ပါသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ စီးပွားရေး၊ ပညာရေး၊ တိုင်းပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး တို့သည် ကွန်ယက်သဖွယ် ယှက်နွယ်နေသည်ကို ထွန်းပြနေသော သင်္ကေတပင် ဖြစ်ပါသည်။

(၂) ဆီမီးခွက်

မျက်စိနှင့်တည့်တည့်ဖြစ်သော နေရာ (eye level)၏ အပေါ် ဘယ်ဘက်အကွက်တွင်ရှိသော ပုံသင်္ကေတ ဖြစ်သည်။ မီးတောက်နေသော ဆီမီးခွက်ပုံ ဖြစ်သည်။ "ဤပုံသည် ဗိဿနိုးမြို့ဟောင်းမှ တူးဖော်ရရှိသည့် မြေမီးခွက် ဒီဇိုင်းပုံ ဖြစ်သည်။"* ရှေးဟောင်းလက်မှုအတတ်ပညာဖြင့် ဖန်တီးသုံးစွဲခဲ့သော အသုံးအဆောင်တစ်ခုကို မြန်မာမှု သုတေသီတစ်ဦးက စုတ်ချက်ဖြင့် မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်၍ မြတ်နိုးတန်ဖိုးထားအပ်ပေသည်။

ပညာမီးတောက်သည် အမှန်အမှား ထင်ရှားကွဲပြားစေနိုင်စွမ်းရှိသောပညာ၏သဘော၊ ပညာဂုဏ်သည် ထွန်းလင်းတောက်ပစေသည့် အစွမ်းသတ္တိရှိသည့် သဘောကိုဆောင်ကြောင်း ဖော်ညွှန်းသည့် ပညာသင်္ကေတပင် ဖြစ်ပါသည်။

(၃) ဘွဲ့ဦးထုပ်

မျက်စိနှင့်တည့်တည့်ဖြစ်သော နေရာ(eye level)၏ အပေါ် ညာဘက်အကွက်တွင် ရှိသော ပုံသင်္ကေတ ဖြစ်သည်။ အဆင့်မြင့်ပညာများ သင်ယူပြီးမြောက်သူတိုင်း ပညာပန်းတိုင်ရောက် တက္ကသိုလ်ပညာအမှတ်လက္ခဏာ အဖြစ် ရည်ရွယ်သော သင်္ကေတပင် ဖြစ်ပါသည်။

(၄) ကလပ်နှင့် ပေထုပ်

မျက်စိနှင့်တည့်တည့်ဖြစ်သော နေရာ(eye level)၏ အောက် ညာဘက်အကွက်တွင် ရှိသော ပုံသင်္ကေတ ဖြစ်သည်။ ကဝိဘဏ္ဍာဖြစ်သော ပေစာထုပ်ကို ကလပ်ပေါ်တင်၍ တန်ဖိုးထားချီးမြှောက်သည့် သဘောကို ပေါ်လွင်စေသော ပညာတန်ဖိုးပြ သင်္ကေတပင် ဖြစ်သည်။ ပညာတန်ဖိုး ကြီးမြတ်ပုံကို ရည်ရွယ်သော သင်္ကေတပင် ဖြစ်ပါသည်။

(၅) စွယ်တော်ရွက်နှင့် စွယ်တော်ပွင့်

မျက်စိနှင့်တည့်တည့်ဖြစ်သော နေရာ (eye level)၏ အောက် ဘယ်ဘက်အကွက်တွင် ရှိသော ပုံသင်္ကေတဖြစ်သည်။ စွယ်တော်ရွက်ပေါ်မှ စွယ်တော်ပွင့်ပုံသည် ဗန်းမော်တက္ကသိုလ်၏ အမှတ်သင်္ကေတပန်းအဖြစ် တင်စားသည့် သဘောပင် ဖြစ်သည်။ စွယ်တော်ရွက်သည် 'နှစ်လွှာပေါင်းမှ တစ်ရွက်'ဖြစ်သည့် သဘာဝရှိသည်။ ချစ်ခြင်း မေတ္တာ၏ သင်္ကေတဟု မှတ်ယူကြသည်။ ပေါင်းစည်းခြင်း နိမိတ်ကို ဆောင်ကြဉ်းထားသည်။ စွယ်တော်ပွင့်သည် အရောင်စုံ၍ လှပသည်။ ပင်လုံးဝေအောင် ပွင့်သည့် သဘောရှိသည်။

ထို့ကြောင့် ဗန်းမော်တက္ကသိုလ်ကြီးသည် အသိပညာ အတတ်ပညာစုံ မွေးဖွားပေးနေသော မေတ္တာဂေဟာကြီး ဖြစ်ကြောင်းပြသော အမှတ်သင်္ကေတပင် ဖြစ်ပါသည်။

တံဆိပ်ပါ ပုံသင်္ကေတများက ဤကျောင်းသည် ပညာရောင်စုံလင်းနေသော နိုင်ငံ့ရတနာ ပညာတတ်များ မွေးဖွားရိပ်ခိုသည့် ဗန်းမော်တက္ကသိုလ် ဖြစ်သည်၊ မေတ္တာသရုပ်ဖော် ပန်းစွယ်တော်တို့ ရောင်စုံပွင့်လန်းရာ ကျောင်းဂေဟာဖြစ်သည်၊ နှစ်လွှာတစ်ရွက် ရွက်ချင်းယှက်၍ အေးမြရိပ်ပေး နေရာလေးဖြစ်သည်၊ ပညာတန်ဖိုး ချစ်မြတ်နိုးသူတို့ ခိုကိုးစေရာ မြတ်နေရာ ဖြစ်သည်ဟု ညွှန်းဆိုနေပါသည်။

*ဒေါက်တာအောင်နေမျိုး၏ messageကိုမှတ်တမ်းတင်ပါသည်။

**၁၊၂၅။ စတင်ရေးဆွဲချိန်၊ ပြီးဆုံးချိန် နှင့် အတည်ပြုချိန်**

ဗန်းမော်တက္ကသိုလ် ကိုယ်ပိုင်တံဆိပ် (Logo)ကို ၂၀၀၈–၂၀၀၉ ပညာသင်နှစ်စချိန်တွင် စတင် အကောင်အထည်ဖော် ရေးဆွဲခဲ့သည်။ ထိုနှစ်တွင်ပင်အပြီးသတ် ရေးဆွဲခဲ့သည်။ ဒေါ်ချိုချိုမာက

"ပထမအကြိမ် ဘွဲ့နှင်းသဘင် မတိုင်မီ တစ်လခန့်တွင် ပြီးဆုံးသည်။"*

ဟုဆိုထားရာ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလလောက်တွင် အပြီးသတ် အကောင်အထည်ဖော်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၏ အတည်ပြုချက်ရယူပြီးမှ စတင် အသုံးပြုခဲ့ပါသည်။ ဗန်းမော်တက္ကသိုလ်ပဋ္ဌာဉ်စာတမ်းတွင် မှတ်တမ်းဝင်ခဲ့ပါသည်။

**၁၊၂၆။ စတင်အသုံးပြုချိန်**

ဗန်းမော်တက္ကသိုလ် ကိုယ်ပိုင်တံဆိပ် (Logo)ကို ၂၀၀၆–၂၀၀၇ ပညာသင်နှစ်နှင့် ၂၀၀၈ ပညာသင်နှစ်တို့တွင် ဖြေဆိုအောင်မြင်ခဲ့သော နေ့သင်တန်း ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၏ ပထမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနား (၃–၃–၂၀၀၉၊ ၄–၃–၂၀၀၉)တွင် စတင် အသုံးပြု နိုင်ခဲ့ပါသည်။ ဗန်းမော်တက္ကသိုလ် စုံညီခန်းမ စင်မြင့်ထိပ်တွင် ခံ့ထည်လှပစွာ နေရာယူခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်ပေသည်။

## ခြုံငုံသုံးသပ်ချက်

၂၀၀၈–၂၀၀၉ ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော် ရေးဆွဲခဲ့ပြီး ၂၀၀၈–၂၀၀၉ ပညာသင်နှစ်တွင် စတင်အသုံးပြုခဲ့သော ဗန်းမော်တက္ကသိုလ်၏ ကိုယ်ပိုင်တံဆိပ် (Logo)သည် စတုတ္ထမြောက် ကျောင်းအုပ်ဆရာကြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာသာထွန်းအောင်၏ တာဝန် သိစိတ်၊ မြန်မာစာဌာနမှ လက်ထောက်ကထိက ဆရာဒေါက်တာအောင်နေမျိုး၏ စွမ်းဆောင်ရည်၊ မြန်မာမှု ဒီဇိုင်းသုတေသီ ဦးအေးမြင့်၏ ပန်းချီဒီဇိုင်းပညာစွမ်းတို့မှ ဖြစ်တည်လာခဲ့ခြင်း ဖြစ်သည်။ မြန်မာစာမိသားစု၏ မေတ္တာများဖြင့် ဖြစ်တည်ခဲ့သော တံဆိပ်ဟုလည်း ဆိုနိုင်ပါသည်။

တံဆိပ်ပါ ဘုရားဟော သုတ္တန်လာ အမြတ်ဆုံး အသက်မွေးမှုကို ဟောထားသော ပါဠိ စာသားသည် တိုရှင်းသော်လည်း ခိုင်မာ၏။ အဓိပ္ပာယ်လေးနက်၏။ အမြတ်ဆုံး အသက်မွေးနည်းကို ညွှန်ပြထား ၏။

ဗန်းမော်တက္ကသိုလ် ကိုယ်ပိုင်တံဆိပ် (Logo)သည် မြန်မာမှု အနုလက်ရာများ အသက်ဝင် နေ၏။ အချိုးအစား လှပ၏။ အရောင်ညွှန်းမှုသည် အဓိပ္ပာယ်ပြည့်ဝ၏။ အရောင်စပ်ပုံသည် လိုက်ဖက်တောက်ပ၏။ ပုံသင်္ကေတတို့သည် တက္ကသိုလ်လောကနှင့် တစ်သားတည်း ကျနေ၏။ တက္ကသိုလ်ကို ကိုယ်စားပြုနေ၏။ ပညာရောင် ညွှန်းနေ၏။ ဗန်းမော်တက္ကသိုလ် တက္ကသိုလ် ပရဝုဏ် အတွင်း အင်နှင့်အားနှင့် ပေါက်ရောက်နေပြီး ပင်လုံးဝေအောင် ပွင့်လေ့ရှိသော ပန်းစွယ်တော်အလှကို မြင်ယောင်စေ၏။

---

*ဒေါ်ချိုချိုမာ၏ ပြောစကားကိုမှတ်တမ်းတင်ပါသည်။

ထို့ကြောင့်ပင် စွယ်တော်နန်းဟု တင်စားထိုက်သော ဗန်းမော်မြို့၏ပညာဗိမာန် တက္ကသိုလ်ကြီး တည်ရှိနေသရွေ့ ဗန်းမော်တက္ကသိုလ်၏ ကိုယ်ပိုင်တံဆိပ် (Logo)သည် မော်ကွန်း ဝင်နေမည်သာ ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## နိဂုံး

ဗန်းမော်တက္ကသိုလ်ဟူသော အမည်နာမဖြင့် ရပ်တည်ခဲ့သည်မှာ ၂၉–၆–၂၀၁၉ နှစ်တွင် (၁၈)နှစ်ပင် ပြည့်ခဲ့ပေပြီ။ အားအင်ပြည့်ဖြိုး၊ ခံ့ညားဝင့်ထည်စွာ ရပ်တည် နေပေသည်။ ပညာအရင်းတည်သော လူ့စွမ်းအား အရင်းအမြစ်များကို နှစ်စဉ် မွေးထုတ်နေသည်။ လူသားအကျိုးပြုရာ မြတ်နေရာကြီး မပျောက်မပျက် အရှည်တည်တံ့ကာ တိုးတက်ဖွံ့ဖြိုးပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။

## ကျမ်းကိုးစာရင်း


ခုဒ္ဒကပါဠ ဓမ္မပဒ ဥဒါန ဣတိ ဝုတ္တက သုတ္တနိပါတ ပါဠိတော်။ (၁၉၅၈)။ ***အဋ္ဌဝကသုတ္တ***။ ရန်ကုန်၊ကမ္ဘာအေးပုံနှိပ်တိုက်။

ဗန်းမော်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း (၂၀၁၀–၂၀၁၁)။– ***ပညာဇီဝိ ဇီဝိတမာဟု သေဋ္ဌံ (ဆောင်းပါး)***၊ ၅၃–၅၆။– ***ဖွံ့ဖြိုးစေစည် တို့တက္ကသိုလ်ပြည် (ဆောင်းပါး)***၊ ၅၇–၅၈။

ဗန်းမော်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း (၂၀၁၅)။ ***အဖိုးအိုနှင့် LOGO (ဆောင်းပါး)***၊ ၁၉၆–၁၉၉။

သံယုတ္တနိကာယ (ပဌမောဘာဂေါ) နိဒါနဝဂ္ဂသံယုတ္တပါဠိတော်။

(၂၀၁၇)။ ***အဋ္ဌဝကသုတ္တ***။ ရန်ကုန်၊ကမ္ဘာအေးပုံနှိပ်တိုက်။

သုတ္တနိပါတအဋ္ဌကထာ (ပဌမောဘာဂေါ)။ (၁၉၆၃) ***အဋ္ဌဝကသုတ္တ***။ ရန်ကုန်၊ကမ္ဘာအေးပုံနှိပ်တိုက်။

သီလဝံသ၊ ရှင်မဟာ။ (၁၉၆၃)။ ***ပါရာယနဝတ္ထု***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

အောင်မြင့်ဦး။ ဒေါက်တာ။ (၂၀၁၈)။ ***သုတေသနဟူသည်***။ ရန်ကုန်၊ ဧရာဝဏ်စာပေတိုက်။


နောက်ဆက်တွဲ (က)

**တွေ့ဆုံ/ မေးမြန်းသူများ**

| စဉ် | မေးမြန်းသူများ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|
| ၁။ | ဒေါက်တာအောင်နေမျိုး (ပါမောက္ခ၊ မြန်မာစာဌာန၊ ကလေးတက္ကသိုလ်) | တံဆိပ်သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များ | – ဖုန်း – Messenger |
| ၂။ | ဒေါက်တာဖြူဖြူ (တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ လားရှိုးတက္ကသိုလ်) | ပုံချောဆွဲသူဆရာကြီးနှင့် သက်ဆိုင်သော အချက်အလက်များ၊ ဓာတ်ပုံများ | – ဖုန်း – Messenger |
| ၃။ | ဒေါက်တာအေးသီတာထွန်း (ကထိက(ဌာနမှူး)၊ အရှေ့တိုင်းပညာဌာန၊ ဗန်းမော်တက္ကသိုလ်) | တံဆိပ်ပါစာသားဆိုင်ရာ သိလိုသမျှကို မေးမြန်းခြင်း | – တွေ့ဆုံမေးမြန်း |
| ၄။ | ဒေါက်တာမြမြဝင်း (တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မြိတ်တက္ကသိုလ်) | ပန်းချီပညာနှင့်ပတ်သက်၍ သိလိုသမျှကို မေးမြန်းခြင်း | – ဖုန်း – Messenger |
| ၅။ | ဒေါ်ချိုချိုမာ (ဌာနခွဲမှူး(ဘဏ္ဍာ)၊ မန္တလေးအဝေးသင်တက္ကသိုလ်) | ပုံကြမ်းသွားရောက်အပ်နှံခြင်း | – ဖုန်း |

နောက်ဆက်တွဲ (ခ)

## မှတ်တမ်းဓာတ်ပုံများ




မြန်မာမှု ဒီဇိုင်းသုတေသီ ဦးအေးမြင့် (အမရပူရ)